# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၁)ရက် ၊ သောကြာနေ့ ၊ (13-3-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်(လေ) လေယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် လေယာဉ်များက သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းဆောင်ရွက်ကြစဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# တပ်မတော်(လေ) လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် မတ် ၁၂**

တပ်မတော်(လေ)၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာ တပ်နယ်ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ၊ တပ်မတော်(လေ)မှ အရာရှိ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၆ ခုနှစ် မတ် ၁၃ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကဏ္ဍမြှင့်တင်စို့

နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပညာရေးသည် မရှိမဖြစ်လိုအပ်သည့် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပြီး ပိုမိုကောင်းမွန်ခိုင်မာသည့်လူနေမှုစနစ်ကို ပညာရေးဖြင့်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအဆင့်မြှင့်တင်မှုများဆောင်ရွက်ပေးလျက်ရှိပေသည်။

ထို့ပြင် တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၏ သွင်ပြင်လက္ခဏာများကောင်းမွန်စေရေး၊ စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ အားကစားခန်းမများအပြင် အခြားသောအခြေခံအဆောက်အအုံများ၊ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်စေရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပေသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ်များ၏ အရည်အသွေးကိုလည်း မြှင့်တင်ပေးခဲ့သည်။ အထူးသဖြင့် နေပြည်တော်တွင် Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခု၌လည်း Polytechnic University များကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပညာရေးကိုအားပေးနေခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။ ပညာရေးကဏ္ဍကိုမြှင့်တင်ရန် KG မှ Grade 12 အထိ အခမဲ့ပညာရေးစနစ်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဆင့်ပြီးမြောက်ပြီး တက္ကသိုလ်အဆင့်ပြီးမြောက်သည်အထိ တက်ရောက်ရေးသည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်သည်။

ပညာရေးကဏ္ဍတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် ရှေ့ဆောင်လမ်းပြဖြစ်သည်။ ဆရာ၊ ဆရာမများသည် ပညာပေးဝေနေသူဖြစ်သကဲ့သို့ ပညာရှာမှီးနေကြသူများလည်းဖြစ်သည်။ တပည့်များ၏အကျိုးကိုအစဉ်ရှေးရှုပြီး ကောင်းမွန်ရာကို သွန်သင်ပြသပေးနိုင်သူများဖြစ်ရပေမည်။ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများကသာ အရည်အချင်း၊ အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ယနေ့ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများသည် ပညာရေးဖွံ့ဖြိုးမှုမှ ပြောင်းလဲလာခြင်းဖြစ်သည်။ ပညာရေးဖွံ့ဖြိုတိုးတက်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဟူ၍ မရှိနိုင်ပေ။ ပညာရေးသည် အသိဉာဏ်ရှိသော လူသားအားလုံးအတွက် အလွန်အရေးကြီးသောအခန်းကဏ္ဍဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရပ်များထွန်းကားလာရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါများခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် သက်ဆိုင်သူ ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများကလည်း မိမိကိုယ်ကိုချစ်စိတ်၊ မိမိနိုင်ငံတော်ကို ချစ်သည့်စိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ






**မန္တလေး မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ(၂)၊ အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရည်မှန်းချက်များပြည့်မီအောင် စည်းကမ်းတကျ ဆောင်ရွက်သွားရေး၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်အတွက် လူမှုဆက်ဆံရေးကောင်းမွန်စေရေး၊ ငွေကြေးမသမာမှုများ မရှိစေရေး၊ အဂတိမဖြစ်ပေါ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ အတွင်းရေးမှူးတို့က တိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး ပြောကြားပြီးနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများနှင့် Online ဖြင့် တက်ရောက်ကြသည့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်ကဏ္ဍများ အလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကောလင်း မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ကေ ၄၈၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၃၇၃၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၂၀၃ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၉၅၃ ဧက စုစုပေါင်း ဧက ၄၈၉၀ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၂၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ကေ ၄၈၉၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးမြစ်ချင်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ငါးမြစ်ချင်း ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို ငါးမြစ်ချင်းတွေ အများအပြား တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလကထက် ဖေဖော်ဝါရီလထဲမှာ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာကြောင့် တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ တင်ပို့ထားတဲ့ ငါးမြစ်ချင်းတွေက အရည်အသွေးကောင်းပါတယ်။ ရေထွက်ကုန်တွေကိုကုန်းလမ်းခရီးနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူကာ စနစ်တကျသန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ ရောင်းချနေကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် သဲတောလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း မတ် ၁၂**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲတောလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို မတ် ၁၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၈သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သဲတောလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၂၉ ဒသမ ၆၅ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၉ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ငွေကျပ် ၄၈ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့ ဇေယျာတိုးချဲ့ရပ်ကွက်နေ ဒေါ်သန်းသန်းအေးမိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# လပ္ပတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**လပ္ပတ္တာ မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပ္ပတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပ္ပတ္တာမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

လပ္ပတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက်များသည် ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင်စသည့် ငါးများမှရရှိသော စည်ဖောင်းများကို အခြောက်ခံပြီး တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

''ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးစည်ဖောင်းခြောက်တွေကို စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက စားသုံးသူများတော့ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းတာလို့ သိရပါတယ်။ ဒေသထွက် ငါးစည်ဖောင်းခြောက်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်'' ဟု လပ္ပတ္တာမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

လပ္ပတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက်တစ်ပိဿာဈေးနှုန်းများမှာ ငါးရွှေ ငါးစည်ဖောင်းခြောက် ငွေကျပ် ၇၇၀၀၀၊ နတ်ကတော် ငါးစည် ဖောင်းခြောက် ငွေကျပ် ၆၅၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် ငွေကျပ် ၃၉၅၀၀၊ ငါးပုတ်သင် ငါးစည်ဖောင်းခြောက် ငွေကျပ် ၈၀၀၀၀ ထိ အကြီးအသေးအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ VRFP စီမံကိန်း လုပ်ငန်းများစစ်ဆေး

**သာစည် မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေဝကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၄၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၄ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ငွေကျပ် ၄၃ သန်း ထုတ်ချေးပေးထားပြီး ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက် လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၂၁၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မော်လိုက် မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၂၁၃ ဧကထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၃၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၃၇၁ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၈၄၂ ဧက စုစုပေါင်း ၁၂၁၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ပဲတီစိမ်းဧက ၁၃၆၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက် ရှိပါတယ်။ ဒီနေ့ထိ ၁၂၁၃ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)



# စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့စဉ်ကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်" (ရှင်မဟာရဋ္ဌသာရ)

**"အလိမ္မာစာမှာရှိ" "စာအုပ်စာပေ လူ့မိတ်ဆွေ" "စာဖတ်မှ ကြီးပွား" "စာပေမြင့်မှ လူမျိုးတင့်မည်" "စာပေသည် ခေတ်၏ကြေးမုံ" "အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်"** ဟူသော ဆောင်ပုဒ်များ ထုတ်ပြန်လှုံ့ဆော်ကာ မှတ်ဖွယ်မှတ်ရာ စာပေ အဖြာဖြာကို ဖတ်ရှုစေခဲ့ကြသည်။

ထိုသို့ စာပေရေးရာအဖြာဖြာကို ဖတ်ရှုလေ့လာ မှတ်သားနာယူကြစေရေးအတွက် ခေတ်အဆက်ဆက်တွင် စာကြည့်တိုက်မျိုးစုံကို ဖွင့်လှစ်ပေးခဲ့ကြသည်။

**"အမှားအမှန်၊ ဝေဖန်ပိုင်းခြား၊ သုတပွားကာ၊ သစ္စာအမြင် ကြင်လင်စေရန်၊ စာပေအမြိုက်၊ ပညာသိုက်သို့၊ ညွှန်ပြဆိုက်ဆိုက်၊ စာကြည့်တိုက်"**

**"လူထုတက္ကသိုလ်၊ ဘဝတက္ကသိုလ်၊ ပညာဘဏ်တိုက်စာကြည့်တိုက်"**ဟု တင်စားညွှန်းဆိုထားသော စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းသည် (၁)လူကြီးလူငယ်များ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ (၂)စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာခြင်း၊ (၃) အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ (၄) အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေခြင်း၊ (၅) ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊ (၆) နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်းသမီးကောင်းများ ပေါ်ထွန်းလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေသည်။

မြန်မာနိုင်ငံတွင် ပြန်ကြားရေးဝန်ကြီးဌာနမှတာဝန်ယူ၍ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း အဆင့်ဆင့်ဖွဲ့စည်းကာ စာကြည့်တိုက်ပေါင်းများစွာကို ဖွဲ့စည်းပေးခဲ့သည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ နှင့် မြို့ပေါင်း ၄၁၇ မြို့၊ ရပ်ကွက်ပေါင်း ၃၄၈၅ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၀၀ ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းပံ့ပိုးမှုဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားကြသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ဖွင့်လှစ်ထားခဲ့သည်ဟုသိရသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ စာကြည့်တိုက်ပေါင်းများစွာ တိုးချဲ့ဖွင့်လှစ်ပေးရန် အထူးပင်လိုအပ်နေသည်။

စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပေးကြစေရေးအတွက် လှုံ့ဆော်မှုအမျိုးမျိုးဖြင့် ကြိုးပမ်းနေကြသည်ကို ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုနေကြမှုနှင့်အတူ စာမဖတ်သူပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာတတ်သူတိုင်း စာဖတ်ကြစေရေးအတွက်လည်း လှုံ့ဆော်စည်းရုံးနေကြစေချင်သည်။

အကြောင်းမှာမူ လက်ရှိအခြေအနေက စာဖတ်ရှိန် အလွန်ကျဆင်းနေသောကြောင့်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် စာပေဈေးကွက်ကျဆင်းလာသည့်အပြင် စာပေရေးသားနေကြသော စာရေးဆရာများ၏ စာပေစားကျက်များကလည်း အလွန်ပင် လျော့နည်းပျက်ယွင်းလျက်ရှိသည်။ စာအုပ်တွေကို သတင်းစာအဟောင်းများ ရောင်းချနေကြသကဲ့သို့ ပိဿာချိန်နှင့် ရောင်းချနေကြသည့် အခြေအနေသို့ပင် ဆိုက်ရောက်လာခဲ့သည်။

စာဖတ်ရှိန်၊ စာဖတ်အားကို လျော့နည်းသွားစေခဲ့သော အန္တရာယ်များထဲတွင် ဖုန်းများလည်း ပါဝင်ကြသည်။ စာဖတ်ရှိန်မြှင့်တင်ရေးကို ဟန့်တားနေကြသည်မှာလည်း ဖုန်းများပင်ဖြစ်ကြသည်။

သုံးလေးနှစ်ကလေးအရွယ်ကအစ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်၊ လူရွယ်များ (အလယ်)၊ သက်ကြီးရွယ်အိုအဘိုးအဘွားများအဆုံး ဖုန်းများနှင့် မျက်စိမခွာကြဘဲ၊ လွန်လွန်ကဲကဲ၊ သဲသဲမဲမဲ အစွဲကြီးစွဲနေကြသည်။ မျက်စိဆရာဝန်များက မျက်စိကို အန္တရာယ်ပေးနိုင်ကြောင်း ရေးသားဟောပြောနေကြသော်လည်း နားမဝင် မဆင်ခြင်ကြဘဲ ဖုန်းစွဲနေကြသည်။ ဖုန်းအဆိပ်မှိုင်းမိနေကြပြီဟု ပြောဆိုသတိပေးနေကြသည်။ **"စာအုပ်စာပေ လူ့မိတ်ဆွေ"** မဟုတ်တော့ဘဲ **"ဖုန်းမျိုးထွေထွေ လူ့မိတ်ဆွေ"** ဖြစ်နေကြပြီဟု ပြောဆိုနေကြလေပြီ။

**"အလိမ္မာစာမှာရှိ"** အစား**"အလိမ္မာ ဖုန်းမှာကြည့်"** ဖြစ်နေကြပြီလား။ လိမ္မာခြင်း၊ မလိမ္မာခြင်းထက် ဖုန်းကြောင့် အရက်တကွဲ ကိုယ်ကျိုးနည်းမှုများ၊ သိက္ခာကျမှုများ၊ ငွေကြေးလိမ်လည်မှု၊ ကာမလိမ်လည်မှုနှင့် လိမ်နည်းမျိုးစုံအပြင် လူမှောင်ခိုမှု၊ ကျောင်းသားလူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု၊ ဓားဖြင့်ထိုးမှု၊ လူသတ်မှု၊ မုဒိမ်းမှု၊ မယားခိုးမှု စသည်ဖြင့် မိုက်ကမ်းမှုပေါင်း မှုခင်းပေါင်းကတော့ ပြောမဆုံးပေါင်တောသုံးထောင် ဖြစ်နေလေပြီ။

❖ "လူထုတက္ကသိုလ်၊ ဘဝတက္ကသိုလ်၊ ပညာဘဏ်တိုက်စာကြည့်တိုက်"ဟု တင်စားညွှန်းဆိုထားသော စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းသည် (၁) လူကြီးလူငယ်များ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ (၂) စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာခြင်း၊ (၃) အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ (၄)အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေခြင်း၊ (၅)ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊ (၆) နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်းသမီးကောင်းများ ပေါ်ထွန်းလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေသည်။ ❖

သည်တော့ ဖုန်းစွဲနေကြသော ဖုန်းသရဲတွေက **"ဖုန်းထဲကစာတွေကို ဖတ်နေတာပဲ၊ စာအုပ်တွေဖတ်စရာမလိုတော့ဘူး"**လို့ မိုးကြိုးပစ်ရာ ထန်းလက်ကာသဘောမျိုး ဆင်ခြေပေး အကြောင်းပြနေကြသည်။ ဖုန်းများကို အကျိုးရှိစွာ အသုံးပြုနေကြသူများကို ဆိုလိုခြင်းမဟုတ်ပါ။ ဖုန်းများကို အကျိုးရှိရှိအသုံးပြုနေကြသူများက အကျိုးပြုသည်များကိုသာ အချိန်အပိုင်းအခြားနှင့် စနစ်တကျ စည်းကမ်းရှိစွာ သုံးစွဲနေကြသည်။

စနစ်မကျ၊ စည်းကမ်းမရှိကြသူများက အကျိုးရှိသည်များထက် အကျိုးမဲ့များကိုသာ သဲသဲမဲမဲ ကြည့်ရှုစွဲလမ်းနေကြသည်။ စာအုပ်ကိုပင် မကိုင်ချင်၊ မကြည့်ချင်တော့ဘဲ အဖြစ်သည်းအကဲပိုနေကြသည်။ လူငယ်တွေကမျက်ကန်းတစ္ဆေမကြောက် ဖုန်းရောဂါ ထနေကြသည်ထက် အချို့ဇရာအိုကြီးတွေက ၁၀ မိနစ် တရားမထိုင်နိုင်သော်လည်း ဖုန်းကမ္ဘဋ္ဌာန်း ရှုနေရလျှင် ထမင်းမေ့၊ ဟင်းမေ့ ဖြစ်နေကြသည်။ သည်တော့ကာ အဘယ်မှာလျှင် စာဖတ်ကြပါတော့မည်နည်း။

စာဖတ်အားနည်း၍ ဗဟုသုတနည်း၊ ဗဟုသုတနည်း၍ တိုးတက်မှုနည်းပါက ဘဝတွေလည်း တိုးတက်မှုမရှိကြဘဲ အရာရာတွင် အောက်ကျို့နေကြရမှာ သေချာလှသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ဂုဏ်ဆောင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဦးသန့်က **"တိုးတက်သောလူမျိုးတို့သည် စာဖတ်ကြသည်။ စာဖတ်သောလူမျိုးတို့သည် တိုးတက်ကြသည်"**ဟု လမ်းညွှန်ခဲ့ပါသည်။

ပုံနှိပ်မီဒီယာခေတ် မဟုတ်တော့ဘူး။ အိုင်တီခေတ်ရောက်နေပြီဟု မည်သို့ပင် ပြောဆိုနေကြစေကာမူ၊ လက်တွေ့မှာ ပုံနှိပ်မီဒီယာနှင့် မကင်းနိုင်ကြသေးပေ။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပျံ့နှံ့နိုင်သည်က စာအုပ်စာပေများသာဖြစ်ကြသည်။ လျှပ်စစ်စွမ်းအား မပြည့်ဝသေးသမျှ၊ နည်းပညာမပြည့်စုံသေးသမျှ စာအုပ်စာပေများကို လက်လွှတ်၍ မရသေးပေ။

အရေးကြီးသည်မှာ စာဖတ်ကြရေးပင်ဖြစ်သည်။ စာဖတ်ပျင်းနေကြလျှင် တစ်ဦးချင်းဘဝကို တိုးတက်မှုမရှိနိုင်တော့သလို တစ်မိသားစုချင်းမှ တစ်နိုင်ငံလုံးထိ ဖွံ့ဖြိုးတိုးတက်မှု ကင်းမဲ့သွားပေလိမ့်မည်။ နိုင်ငံနှင့် လူမျိုးကိုပါ ထိခိုက်သွားပေလိမ့်မည်။ လက်ရှိမျက်မှောက်ခေတ်ကာလမှာပင် နည်းပညာများနှင့် ပတ်သက်၍ အခြားနိုင်ငံများကို လိုက်မမီနိုင်သည်များရှိနေသည်။

လက်ရှိစာဖတ်ရှိန်ကျဆင်းနေချိန်တွင် **"ဆရာမြသန်းတင့်"** ဘာသာပြန်ထားသော **"စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး"** ဆောင်းပါးကို သတိရနေခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်အဖြစ် **"စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး"** လုံးချင်းစာအုပ်ကို ထုတ်ဝေခဲ့သည်။ စာကြည့်တိုက်ဆိုင်ရာဆောင်းပါးများ စုစည်းတင်ဆက်မှုဟု ညွှန်းဆိုထားသည်။ ရောင်းချသောစာအုပ်မဟုတ်ဘဲ စာကြည့်တိုက်များသို့ ဖြန့်ဝေသောစာအုပ်ဖြစ်သည်။ ထိုစာအုပ်၏ခေါင်းစီး **"စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး"**မှာ ထိုစာအုပ်တွင်ပါဝင်သော ဆရာမြသန်းတင့်၏ ဆောင်းပါးခေါင်းစီးကို အနှစ်သက်ဆုံး အကြိုက်ဆုံးအဖြစ်ရွေ့တန်းတင်ထားခြင်းဖြစ်သည်။ ထိုဆောင်းပါးကို ပြန်လည်ဖတ်ရှုကြည့်တော့မှ ဂျွန်ရပ်စ်ကင်း(John Ruskin)၏ ခေတ်ကာလရာစုနှင့် လှုံ့ဆော်ချက်အတိအကျကို သိလိုက်ရတော့သည်။ ဂျွန်ရပ်စ်ကင်း၏ စာပေစေတနာကို လေးစားချီးကျူးကြသင့်သည့်နှယ် ဓမ္မနှင့် အဓမ္မကို ခွဲခြားလှုံ့ဆော်ချက်ကား ကြက်သီးထဖွယ်ပင်ကောင်းလှသည်။

အင်္ဂလိပ်စာပေအနုပညာဝေဖန်ရေးဆရာ၊ ပန်းချီဝေဖန်ရေးဆရာ၊ ဗိသုကာဝေဖန်ရေးဆရာ၊ စာတမ်းရေးဆရာ၊ နိုင်ငံရေးတွေးခေါ်ရှင် ဂျွန်ရပ်စ်ကင်းဟု နာမည်ကျော်ကြားထင်ရှားခဲ့သူဟု မှတ်တမ်းတင်ထားကြသည်။ ဆရာမြသန်းတင့်က ဂျွန်ရပ်စ်ကင်း၏ ဟောပြောလှုံ့ဆော်ချက်များထဲမှ လိုရင်းအချုပ်ကို ကောက်နုတ်ရေးသားဖော်ပြခဲ့ရာ ယနေ့ လက်ရှိအခြေအနေများနှင့် အန်ဝင်ခွင်ကျဖြစ်နေသည်။

ဂျွန်ရပ်စ်ကင်းဟောပြောခဲ့သည့် အချိန်ကာလမှာ ၁၉ ရာစု၏ ဒုတိယပိုင်းကာလဖြစ်သည်။ ထိုအချိန်က အင်္ဂလန်နှပိုလီယံစစ်ပွဲများ ပြီးဆုံးသွားသဖြင့် ကရိုင်းမီးယားစစ်ပွဲကို ဆင်နွှဲနေချိန်ဖြစ်သည်။ အာဖရိကမှာလည်း စစ်ပွဲတွေဆင်နွှဲနေချိန်ဖြစ်သည်။ အာရှတိုက်မှာ အာဖဂန်နစ်စတန်စစ်ပွဲ တိုက်ခိုက်နေချိန်ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ အင်္ဂလိပ်- မြန်မာ ဒုတိယစစ်ပွဲပြီးဆုံးချိန်ဖြစ်သည်။ အရှေ့ဖျားမှာ အင်္ဂလိပ်တို့၏ စစ်ရေးနည်းဗျူဟာတစ်ရပ်ဖြစ်သော ဘိန်းစစ်ပွဲ တိုက်နေချိန်ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဗြိတိသျှအင်ပါယာကြီးကို မီးကုန်ယမ်းကုန် ဂုဏ်ယူဝင့်ကြွားစွာ ချဲ့ထွင်နေချိန်ဖြစ်သည်။

ထိုအချိန်မှာ ဂျွန်ရပ်စ်ကင်းက ကိုယ်ကျိုးကိုမငဲ့ဘဲ နိုင်ငံနှင့်လူမျိုးအတွက် ရဲဝံ့ပြတ်သားစွာ ဟောပြောလှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဟောပြောချက်များထဲမှ ဆရာမြသန်းတင့်က လိုရင်းအချုပ်ကို ကောက်နုတ်ဖော်ပြခဲ့ခြင်းဖြစ်သည်။

"ကြီးမြတ်သောလူမျိုးတစ်မျိုးဟာ ဒီစစ်ပွဲမှာ ဘယ်ဘက်ကမှန်သလဲ ဘယ်ဘက်က မှားသလဲဆိုတာမကြည့်ဘဲ ဒီစစ်ပွဲပြီးရင် ငါတို့ကုန်အရောင်းအဝယ်ဘယ်လိုနေမလဲ။ ငါတို့ အမြတ်တွေဘယ်လောက်ရမလဲဆိုတာကိုပဲတွေးပြီး စစ်မြေပြင်မှာ လူငယ်တွေ နေ့စဉ်နှင့်အမျှ သေနေကြတာကို လက်ပိုက်ကြည့်မနေဘူး"

ထိုဟောပြောချက်ကို အလေးအနက်ထားပြီး စဉ်းစားကြည့်ကြပါက ယနေ့ ကမ္ဘာပေါ်တွင် ဖြစ်ပွားနေကြသော နိုင်ငံအချင်းချင်းပဋိပက္ခများ၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ထိုနိုင်ငံ၏ ပြည်တွင်းသစ္စာဖောက်လောက်ကောင်များကို မြှောက်ထိုးပင့်ကော်သွေးထိုးလှုံ့ဆော်ပေးကြပြီး ပြည်တွင်းစစ်ပွဲများကို ဖြစ်ပွားစေခြင်းများ၊ တစ်ဖက်လှည့်နှင့် စစ်လက်နက်ပစ္စည်းများ ပံ့ပိုးရောင်းဝယ်နေကြမှုများ၊ ငါနဲ့မတူငါ့ရန်သူ၊ လိုတစ်မျိုး၊ မလိုတစ်မျိုး တစ်ဖက်သတ်ပိတ်ဆို့မှုများ၊ ကြီးနိုင်ငယ်ညှဉ်း ရက်စက်မှုများ အပါအဝင် မြန်မာနိုင်ငံ၏ ရှည်ကြာနေခဲ့သော ပြည်တွင်းစစ်ကိုဖြစ်ပွားစေခြင်း စသည့်စနစ်ဆိုး၊ ဝါဒဆိုးကြီးစိုးနေမှုများကို ဂျွန်ရပ်စ်ကင်းက ကြိုတင်၍ မီးမောင်းထိုးပြခဲ့သကဲ့သို့ ခံစားလိုက်ရသည်။

"ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ သစ်ကြားသီးခြောက်လုံးလောက် ခိုးမိတာနဲ့ ကလေးတွေကို ထောင်ထဲမပို့ဘူး။ ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ ဆင်းရဲသားတွေရဲ့စုငွေနဲ့ ချမ်းသာနေကြတဲ့ ဘဏ်သူဌေးကြီးတွေ ခိုးဝှက်နေကြတာကို ဒီအတိုင်း လက်ပိုက်ကြည့်မနေဘူး"

လူတန်းစားရပ်တည်ချက်မှန်ကန်ပြီး ဓမ္မနှင့် အဓမ္မကို မီးမောင်းထိုးပြခဲ့သော ဂျွန်ရပ်စ်ကင်းက နိုင်ငံတကာ၏ အနာဂတ်ကိုများ မျှော်မှန်းပြီး ဟောပြောခဲ့လေရော့သလားဟု ကျွန်တော် တွေးတောနေမိသည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ်၊ ၈၁ နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့် လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည် ၃ ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ရေး။

## ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပုသိမ် မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၅၁၄၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၅၁၆၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ နွေစပါးများအားလုံး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

" ဒီနှစ် ပုသိမ်မြို့နယ်မှာ နွေစပါး စတင် မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေး နည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါပြင် တောင်သူတွေစိုက်ပျိုးတဲ့ နွေစပါးတွေ စပါးအထွက်နှုန်း ကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကို ပံ့ပိုးပေးခဲ့ပါတယ်။ လက်ရှိ နွေစပါးတွေ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးအထွက်နှုန်းနဲ့ အရည်အသွေးပြည့်မီရေးအတွက် ဆက်လက် ဆောင်ရွက်ပေးနေပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးသော နွေစပါးများမှာ ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11 စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဈေးကွက်ကောင်းရှိခြင်း၊ စပါး အရည်အသွေးကောင်းခြင်း၊ အထွက်နှုန်းကောင်းခြင်း စသည့် အကျိုးအကျေးဇူးများ ရှိကြောင်း သိရသည်။

စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## စာဖတ်ပါ

\- စာပေကို ချစ်မြတ်နိုးလို့
စာတန်ဖိုး သိပါကွယ်၊
စာပေသည် ဘဝလမ်း
တက်လှမ်းငြိမ်းသဖွယ်၊
စာပေကြောင့် ဂုဏ်တင့်တယ်
ကိုယ့်မျိုးနွယ် ကမ္ဘာ့တစ်လွှား၊
နိုင်ငံ့ဂုဏ် စိတ်မှာလွှမ်းလို့
လျှောက်လှမ်းဝင့်ကြွား။

\- စာပေကို ဖတ်ပါများ
နှလုံးသား သောကစင်၊
နေ့တိုင်းကွယ် မြင်သမျှ
လှပနေ့စဉ်၊
မေတ္တာစိတ် မေတ္တာဝင်
ချစ်စိတ်ဝင် အမုန်းကင်း၊
စာပေသည် လူ့ကောင်းကျိုး
သယ်ပိုးဆောင်ကြဉ်း။

\- စာပေသည် အမှောင်ခွင်း
ဉာဏ်အလင်း ရောင်ခြည်ဖြာ၊
ဦးတည်နေ ခရီးလမ်း
ပန်းမွေ့ရာပမာ၊
လူ့ဘဝ အနှစ်ရှာ
ကောင်းကျိုးသာ ဆောင်ရွက်ပေး၊
လောကီရယ် လောကုတ်
အားထုတ်စို့လေး။ ။

ချစ်သက်(မြန်မာစာ)

á စာမျက်နှာ ၄ မှအဆက်

"ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ တောင်တရုတ်ပင်လယ်တစ်ဝိုက်မှာ လက်နက်အပြည့်အစုံ တပ်ဆင်ထားတဲ့ သင်္ဘောကြီးတွေနဲ့ အမြောက်တွေချိန်ပြီး၊ သူများတိုင်းပြည်ကိုသွားပြီး ဘိန်းရောင်းနေတာကို ဒီအတိုင်း လက်ပိုက်ကြည့်မနေဘူး"

"ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ ပိုက်ဆံပေးမလား၊ အသက်ပေးမလားဆိုတဲ့ လမ်းဓားပြတို့ထက် ပိုကဲတဲ့ပိုက်ဆံရောအသက်ပါပေးလို့ နှစ်ခုစလုံးကို တောင်းနေတဲ့ဓားပြအကြီးစားတွေ ဓားပြတိုက်နေတာကို ဒီအတိုင်း လက်ပိုက်ကြည့်မနေဘူး"

"ကျွန်တော်တို့တစ်တွေဟာ ဘာဖြစ်လို့ လူတွေစာဖတ်ဖို့အကြောင်းကို ပြောနေရသလဲ။ အခုအခြေအနေမှာ ကျွန်တော်တို့လူမျိုးဟာ စာမဖတ်နိုင်ဘဲ ဖြစ်နေတယ်။ ဒီလို စိတ်ဓာတ်ပျက်ပြားနေတဲ့ လူမျိုးတစ်မျိုးဟာ စာမဖတ်ချင်ဘဲဖြစ်နေတယ်။ ဘယ်လောက်ကြီးကျယ်တဲ့ စာရေးဆရာက ရေးခဲ့တဲ့စာပဲဖြစ်စေ စိတ်ဓာတ်ပျက်ပြားနေတဲ့ လူမျိုးတစ်မျိုးဟာ နားဝင်မှာမဟုတ်ပါဘူး"

"ခုလက်ရှိအခြေအနေမှာ ကျွန်တော်တို့အင်္ဂလိပ်လူမျိုးဟာ လေးနက်တဲ့၊ အတွေးအခေါ်ပါတဲ့စာတွေကို ဖတ်နိုင်မှာမဟုတ်ဘူး။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဖုံးနေတဲ့အတွက် ဘယ်အတွေးအခေါ်ကိုမှလည်း လက်ခံနိုင်မှာမဟုတ်ဘူး။ လူမျိုးတစ်မျိုးဟာ စာပေကိုအထင်သေးနေရင်၊ သိပ္ပံပညာကိုအထင်သေးနေရင်၊ အနုပညာကိုအထင်သေးနေရင်၊ ဘဝကိုအထင်သေးနေရင်၊ မေတ္တာကရုဏာကိုအထင်သေးနေရင်၊ ပိုက်ဆံနောက်ကိုသာ ငမ်းငမ်းတက်လိုက်နေရင် အဲ့ဒီလူမျိုးဟာ ရေရှည်တည်တံ့နိုင်မှာမဟုတ်ဘူး"

လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ စာဖတ်အားနည်းနေသည့် အခြေအနေနှင့် ဂျွန်ရပ်စ်ကင်း၏ဟောပြောချက်သည် ကွက်တိပင်မှန်ကန်နေသည်။ အချိန်မီ နောင်တရကြစေချင်သည်။ သံဝေဂရ ပြုပြင်ကြစေချင်သည်။

အင်္ဂလိပ်လူမျိုး ဂျွန်ရပ်စ်ကင်းက သူ့နိုင်ငံအတွက် ခံစားချက်ပြင်းပြင်းပြပြဖြင့်ဟောပြောခဲ့ရာ သူ့နိုင်ငံသူ၊ နိုင်ငံသားတွေကလည်း လက်ခံခဲ့ကြပြီး အချိန်မီပြုပြင်ခဲ့ကြ၊ စာတွေကို ဖတ်ခဲ့၊ မှတ်ခဲ့ကြသောကြောင့် ယနေ့ ဗြိတိသျှအင်ပါယာကြီးသည် ခံ့ထည် တည်ငြိမ်အေးချမ်းနေသည်ကို တစ်ကမ္ဘာလုံးက သိနေကြသည်။

ဤသည်ကို ဆရာမြသန်းတင့်က **"စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး"**ဟု တင်စားအမွှန်းတင်ခဲ့ခြင်းဖြစ်သည်။

ယခု ကျွန်တော်တို့နိုင်ငံတွင် ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီးတချို့ ဘာတွေလုပ်နေကြပါသနည်း။ စာဖတ်ကြရဲ့လား၊ စာမှတ်ကြရဲ့လား၊ ဖုန်းတွေကိုပဲ သဲသဲမဲမဲ စွဲနေကြသလား။ နိုင်ငံတော်မှ တာဝန်ရှိသူတွေက ကျေးရွာပေါင်း ခြောက်သောင်းကျော်မှာ စာကြည့်တိုက်ပေါင်းများစွာ ဖွင့်လှစ်ပေးခဲ့သည်။ ခရီးသွားလာကြရင်း လက်လှမ်းမီသမျှ ဖတ်ရှုနိုင်ကြစေရန် စာပေရေချမ်းစင်များကိုလည်း ငွေမြောက်မြားစွာအကုန်အကျခံကာ စီစဉ်ပေးခဲ့ကြသည်။ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာမဖတ်သူပပျောက်ရေး လုပ်ငန်းစဉ်တွေကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

သို့သော် စားဝတ်နေရေး၊ နိုင်ငံရေး အကြောင်းမျိုးစုံပြကာ စာမဖတ်ကြဘဲ အချိန်ဖြုန်းဖုန်းပွတ်နေကြသူတွေက များနေသည်။ စာပေမြင့်မှ လူမျိုးတင့်မည်။ စာဖတ်မှ ခေတ်နောက်မကျဘဲ ကြီးပွားမည်ကိုကားသတိလစ်မေ့လျော့နေကြလေရော့သလားဟု မေးလိုက်ချင်သည်။

ဤနေရာတွင် **"ဓမ္မဘေရီဆရာတော် အရှင်ဝီရိယ"**၏ ဩဝါဒကို မျှဝေပေးချင်ပါသည်။"အပြင်မှာ အရောင်တွေလင်းနေဖို့ထက် လူတိုင်းရဲ့ရင်ထဲမှာ အသိဉာဏ်တွေလင်းနေဖို့က ပိုပြီးအရေးကြီးတယ်။ ကျေးရွာတစ်ရွာမှာ လျှပ်စစ်မီးလင်းရေးထက်၊ စာကြည့်တိုက်တွေထွန်ကားဖို့ အမြန်ကြိုးစားကြဖို့လိုပါတယ်။ မီးလင်းနေပေမဲ့ အိပ်နေသူတွေအတွက် ဘာမျှအကျိုးမရှိနိုင်ဘူး။ စာကြည့်တိုက်ဖွင့်ထားပေမဲ့ စာမဖတ်သူတွေအတွက်ကတော့ မှောင်မြဲမှောင်နေအုံးမှာပါပဲ"ဟု မီးမောင်းထိုးပြထားရာ ကိုယ့်ဘဝသည အလားကွယ်၊ အမှောင်ချထားကြသူများ၊ စာမဖတ်ကြဘဲ အချိန်ဖြုန်းနေကြသူများ၊ အချိန်မီ စဉ်းစားပြုပြင်ကြစေချင်ပါသည်။

# နိုင်ငံတကာ သတင်းများ

## မျိုးရိုးစဉ်ဆက် အမတ်နေရာရယူမှုများကို ဗြိတိန်အထက်လွှတ်တော် အဆုံးသတ်မည်



လန်ဒန် မတ် ၁၂

အထက်လွှတ်တော်၌ မျိုးရိုးစဉ်ဆက်အလိုက် ရယူခွင့်ရထားသော လက်ကျန်အမတ်နေရာများ ဖယ်ရှားမည့် ဥပဒေကြမ်းတစ်ရပ်ကို ဗြိတိန်ပါလီမန်လွှတ်တော်က မတ် ၁၀ ရက်တွင် အတည်ပြုခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဥပဒေကြမ်းအတည်ပြုနိုင်မှုကြောင့် ရာစုခေတ်အဆက်ဆက် ကျင့်သုံးခဲ့သော ဗြိတိန်အထက်လွှတ်တော် အမတ်နေရာများကို မျိုးရိုးစဉ်ဆက်ရယူမှုအစဉ်အလာ အဆုံးသတ်တော့မည်ဖြစ်သည်။

အထက်လွှတ်တော် အနေဖြင့် ဗြိတိန်ပါလီမန် နိုင်ငံရေးစနစ်တွင် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်ခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မျိုးရိုးစဉ်ဆက်အားဖြင့် အထက်လွှတ်တော် အမတ်နေရာများ မရယူသင့်တော့ကြောင်း ဗြိတိန်လွှတ်တော် အမတ်များက ပြောကြားထားသည်။

ဗြိတိန်အနေဖြင့် အထက်လွှတ်တော်အမတ်နေရာများ မျိုးရိုးစဉ်ဆက်အလိုက် ရယူမှုအစဉ်အလာကို ဖျက်သိမ်းရေးအတွက် အချိန် ၂၅ နှစ်ကျော်ယူခဲ့ရသည်။

လက်ရှိတွင် ဗြိတိန်အထက်လွှတ်တော်၌ မျိုးရိုးစဉ်ဆက်အလိုက် ရယူထားသော အမတ်နေရာ ၁၅ နေရာခန့် ကျန်ရှိဆဲဖြစ်သည်။

ယခင်က ဗြိတိန်အထက်လွှတ်တော်၌ မျိုးရိုးစဉ်ဆက်ရယူထားသော အမတ်နေရာ ၉၂ နေရာ ထိရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ခဲယမ်းမီးကျောက်စက်ရုံသို့ သွားရောက်စစ်ဆေး



ပြုံယမ်း မတ် ၁၂

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မတ် ၁၁ ရက်တွင် ခဲယမ်းမီးကျောက် ထုတ်လုပ်ရေး စက်ရုံတစ်ရုံသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း ကေစီအင်န် အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ စစ်ဆေးရေးခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် လက်နက်ထုတ်လုပ်မှုကို လေ့လာခဲ့ပြီး ထုတ်လုပ်မှုလုပ်ငန်းခေတ်မီရေးအတွက် ကြိုးပမ်းရန်တိုက်တွန်းခဲ့သည်။

အဆိုပါ ခဲယမ်းမီးကျောက် ထုတ်လုပ်ရေး စက်ရုံသစ်သည် ကြည်းတပ်၏ တိုက်စွမ်းရည်ကို မြှင့်တင်ရာတွင် အရေးပါသည်ဟု မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့ကြောင်း သိရသည်။

ခဲယမ်းမီးကျောက် စက်ရုံခရီးစဉ်အတွင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် စက်ရုံထုတ် လက်နက်ငယ်များကိုလည်း စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ခဲယမ်းမီးကျောက် စက်ရုံခရီးစဉ်အတွင်း မြောက်ကိုရီးယား ခေါင်းဆောင်ဖြစ်လာနိုင်သူအဖြစ် အများကရှုမြင်ထားသည့် သမီးဖြစ်သူ ဂျူအေးလည်း ကင်ဂျုံအန်နှင့်အတူ လိုက်ပါခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယခုလအစောပိုင်းကလည်း စစ်သင်္ဘောသစ်တစ်စီးမှတစ်ဆင့် ခရုစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို ကိုယ်တိုင်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီရန်နှင့် အရှေ့အလယ်ပိုင်းတစ်ခွင်လုံးရှိ ယဉ်ကျေးမှုနယ်မြေများအတွက် ယူနက်စကို စိုးရိမ်နေ

ပဲရစ် မတ် ၁၂

လက်ရှိဖြစ်ပွားနေသော အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခများကြောင့် အီရန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းတစ်ခွင်လုံးရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် နေရာဌာနများ ထိခိုက်ပျက်စီးမည့်အရေး စိုးရိမ်မိကြောင်း ကုလသမဂ္ဂပညာရေး၊ ယဉ်ကျေးမှုနှင့်သိပ္ပံအဖွဲ့ (ယူနက်စကို)က ယနေ့တွင် သတင်း ထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခအတွင်း အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဂိုလက်စတန်နန်းတော်၊ အစ္စဖာဟန်မြို့ရှိ သမိုင်းဝင် ဗလီဝတ်ပြုကျောင်းနှင့် နန်းတော်တို့ ထိခိုက်ပျက်စီးခဲ့ပြီးနောက် ယူနက်စကို၏ သတင်းထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

စစ်ရေးပဋိပက္ခကာလအတွင်း အရှေ့အလယ်ပိုင်း ဒေသတစ်ခွင်လုံးရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ပေးကြရန် အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ကို ယူနက်စကိုက တိုက်တွန်းထားသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်ကို စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း အီရန်နိုင်ငံတွင်းရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ၂၉ ခုအနက် လေးခုထိခိုက်ပျက်စီးခဲ့ကြောင်း ယူနက်စကို၏ အဆိုအရ သိရသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့၏ တိုက်ခိုက်မှုအတွင်း ထိခိုက်ပျက်စီးခဲ့ရသော ဂိုလက်စတန် နန်းတော်သည် ၁၉ ရာစုခေတ် အီရန်ယဉ်ကျေးမှုခမ်းနားပုံကိုပြသနေသော ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ကြောင်း ယူနက်စကိုတာဝန်ရှိသူများက ပြောကြားထားသည်။

ထို့ပြင် အစ္စရေးနှင့်လက်ဘနွန်နိုင်ငံတို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များအတွက်လည်း စိုးရိမ်သည်ဟု ယူနက်စကိုသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီရတ်ရေပြင်အတွင်းရှိ ရေနံတင်သင်္ဘောနှစ်စီး တိုက်ခိုက်ခံရ

ဘဂ္ဂဒက် မတ် ၁၂

အီရတ်ရေပြင်အတွင်းရှိ ရေနံတင်သင်္ဘောနှစ်စီးကို ဖောက်ခွဲရေးပစ္စည်းများတပ်ဆင်ထားသည့် အီရန်ရေယာဉ်ငယ်များက မတ် ၁၁ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုများကြောင့် ရေနံတင်သင်္ဘောနှစ်စီးလုံး မီးလောင်မှုဖြစ်ပွားခဲ့ပြီး ရေယာဉ်ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ ကြောင်း ပင်လယ်ရေကြောင်း လုံခြုံရေးကုမ္ပဏီတာဝန်ရှိသူများက ပြောကြားထားသည်။

မာရှယ်လ်ကျွန်းစု မှတ်ပုံတင် ဆေ့ဖ်ဆီးဗစ်ရှ်နူးရေနံတင်သင်္ဘောနှင့် မော်လ်တာနိုင်ငံမှတ်ပုံတင် ဇက်ဖယော့စ်ရေနံတင်သင်္ဘောတို့သည် အီရတ်နိုင်ငံအနီး ပင်လယ်ကွေ့ရေပြင်အတွင်း တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ရေနံတင်သင်္ဘောနှစ်စီးပေါ်မှ ရေယာဉ်ဝန်ထမ်း ၂၅ ဦးကို အီရတ်တာဝန်ရှိသူများက ကယ်တင်ထားကြောင်း သိရသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံကို စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ပြီး နောက်ပိုင်း ပင်လယ်ကွေ့ ရေပြင်အတွင်း တိုက်ခိုက်ခံခဲ့ရသော သင်္ဘောအရေအတွက်မှာ ၁၆ စီးထိရှိလာပြီဖြစ်သည်။

အဆိုပါ ရေနံတင်သင်္ဘောများ တိုက်ခိုက်မခံရခင် ပင်လယ်ကွေ့ဒေသ၌ ထိုင်းကုန်တင်သင်္ဘောတစ်စီးအပါအဝင် အခြားရေယာဉ်လေးစီးလည်း လေကြောင်းတိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပေကျင်း-ပြုံယမ်း ရထားခရီးစဉ် ပထမဆုံးရထား ပေကျင်းမှ ထွက်ခွာ




ပေကျင်း မတ် ၁၂

တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့တို့ကြား ခြောက်နှစ်တာကာလအတွင်း ပထမဆုံးပြေးဆွဲသည့် ခရီးသည်တင်ရထားသည် ယနေ့တွင် ပေကျင်းဘူတာမှ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကေ-၂၇ ခရီးသည်တင်ရထားသည် ပိုဟိုင်းပင်လယ်မြောက်ပိုင်းကမ်းရိုးတန်းအတိုင်း ၂၄ နာရီနှင့် ၄၁ မိနစ်ကြာ ခုတ်မောင်းပြီးနောက် မတ် ၁၃ ရက်တွင် ပြုံယမ်းမြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း တရုတ်ရထားလုပ်ငန်း တာဝန်ရှိသူများက ပြောကြားထားသည်။

မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သည် ပေကျင်း-ပြုံယမ်း ရထားခရီးစဉ်များ ပြေးဆွဲမှုကို ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကပ်ဘေးစတင်ချိန် ၂၀၂၀ ပြည့်နှစ်က စတင်ရပ်ဆိုင်းခဲ့သည်။

ပေကျင်း-ပြုံယမ်း ရထားခရီးစဉ်များသည် မြောက်ကိုရီးယားနိုင်ငံနှင့် ၎င်း၏အဓိကအကျဆုံး စီးပွားရေးမဟာမိတ် တရုတ်နိုင်ငံတို့ကြား အရေးပါသည့်သယ်ယူပို့ဆောင်ရေး လမ်းကြောင်းဖြစ်သည်။

ပေကျင်း-ပြုံယမ်း ရထားခရီးစဉ်များကို ရက်သတ္တပတ်လျှင် လေးရက်ပြေးဆွဲမည်ဖြစ်ကြောင်း တရုတ်ရထားလုပ်ငန်း တာဝန်ရှိသူများက မတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ဘေးကာလအတွင်း တရုတ်နှင့် မြောက်ကိုရီးယားတို့သည် လေကြောင်းခရီးစဉ်များ ပျံသန်းမှုကို ရပ်ဆိုင်းခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် မြောက်ကိုရီးယား၏ အဲကော်ယိုလေကြောင်းလိုင်းက တရုတ်ခရီးစဉ်များ ပြန်လည်စတင်ပျံသန်းခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ Van Allen Probe A အာကာသယာဉ်က ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာ



ဝါရှင်တန် မတ် ၁၂

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Van Allen Probe A အမည်ရှိအာကာသယာဉ်သည် မတ် ၁၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည် ဝင်ရောက်လာကြောင်း သိရသည်။

အလေးချိန် ကီလိုဂရမ် ၆၀၀ ထိရှိသော Van Allen Probe A သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ၁၄ နှစ်ကြာပျံသန်းခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ကမ္ဘာမြေဝန်းကျင်ရှိ ဖြာထွက်ရောင်ခြည်ခါးပတ်ကွင်းများကို လေ့လာရေးအတွက် Van Allen Probe A နှင့် Probe B တို့ကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်နှစ်စင်းလုံး၏ မစ်ရှင်သက်တမ်းမှာ ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာစဉ် Van Allen Probe A ၏ အစိတ်အပိုင်းအများစုမှာ လောင်ကျွမ်းပြိုကွဲခဲ့ကြောင်း သိရသည်။

Van Allen Probe B အာကာသယာဉ်ကမူ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်လာနိုင်သည်ဟု နာဆာအဖွဲ့က ခန့်မှန်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## 31/ATLAS ကြယ်တံခွန်က နေအဖွဲ့အစည်းဝင် ကြယ်တံခွန်များကဲ့သို့မဟုတ်ဘဲ မီသနောပါဝင်မှုမြင့်မားသော ကြယ်တံခွန်ဖြစ်



ဝါရှင်တန် မတ် ၁၂

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းဝင် ကြယ်တံခွန်များကဲ့သို့မဟုတ်ဘဲ မီသနောပါဝင်မှုမြင့်မားသော ကြယ်တံခွန်ဖြစ်သည်ဟု မတ် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် 31/ATLAS ကြယ်တံခွန်၏ ဓာတုဖွဲ့စည်းပုံများကို ချီလီနိုင်ငံအခြေစိုက် အယ်ဖာရေဒီယိုတယ်လီစကုပ်ဖြင့် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ 31/ATLAS ကြယ်တံခွန်သည် ကြယ်တံခွန်များ၌ ပုံမှန်တွေ့ရတတ်သည့် နိုက်ထရိုဂျင်ဆိုင်ယာနိုက် ဓာတုဒြပ်ပေါင်းအပြင် မီသနော ဓာတုဒြပ်ပေါင်းပိုင်ဆိုင်မှုလည်း ထူးထူးဆန်းဆန်း မြင့်မားနေသည်ကို တွေ့ရသည်ဟု သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

31/ ATLAS ကြယ်တံခွန်ပိုင်ဆိုင်ထားသည့် မီသနော ပမာဏသည် နေအဖွဲ့အစည်းအတွင်းရှိ ကြယ်တံခွန်များပိုင်ဆိုင်ထားသည့် ပမာဏထက် ပိုမြင့်မားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

31/ ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသော တတိယမြောက် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည်။

အဆိုပါ ကြယ်တံခွန်သည် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် နေကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ပြီး နေအဖွဲ့အစည်းအတွင်းမှ ပြန်လည်ထွက်ခွာနေပြီဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တစ်နာရီလျှင် မိုင်တစ်သန်းအမြန်နှုန်းဖြင့် နဂါးငွေ့တန်းကြယ်စုကို ဖြတ်သန်းနေသော အာကာသဒြပ်ထည်တစ်ခုကို နာဆာတွေ့ရှိ

ဝါရှင်တန် မတ် ၁၂

တစ်နာရီလျှင် မိုင်တစ်သန်းအမြန်နှုန်းဖြင့် နဂါးငွေ့တန်းကြယ်စုကို ဖြတ်သန်းနေသော အာကာသ ဒြပ်ထည်တစ်ခုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အာကာသ ဒြပ်ထည်၏ ရွေ့လျားမှုအမြန်နှုန်းမှာ နဂါးငွေ့တန်းကြယ်စု၏ ဒြပ်ဆွဲအားအောက်မှ လွတ်ထွက်သွားနိုင်လောက်အောင် မြင့်မားကြောင်း သိရသည်။

CWISE J 124909 O8 အမည်ရှိ အာကာသဒြပ်ထည်၏ လက်ရှိရွေ့လျားမှုအမြန်နှုန်းမှာ နဂါးငွေ့တန်းကြယ်စုအတွင်းမှ လွတ်ထွက်၍ ကြယ်စုကြီးများ ဟင်းလင်းပြင်အနီးအတွင်း ရောက်ရှိသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

CWISE J 124909 O8 အာကာသဒြပ်ထည်သည် ဒြပ်ထုနည်းပါးသည့် ကြယ်တစ်စင်းဖြစ်နိုင်သကဲ့သို့ အညိုရောင်ကြယ်သိမ် တစ်စင်းလည်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

အထက်ပါ အာကာသဒြပ်ထည်သည် စကြဝဠာအတွင်းရှိ အချို့သော အာကာသဒြပ်ထည်များအနေဖြင့် ၎င်းတို့၏ ဇာတိကြယ်စုကြီးများမှ လွတ်ထွက်သွားနိုင်စွမ်းရှိသည်ကို ပြသနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အသက် ၆၅ နှစ်အထက် သက်ကြီးပိုင်းများကြား မတော်တဆအဆိပ်မိသေဆုံးမှုနှုန်း မြင့်တက်လာ

လန်ဒန် မတ် ၁၂

အင်္ဂလန်နိုင်ငံ၌ အသက် ၆၅ နှစ်အထက် သက်ကြီးပိုင်းများကြား မတော်တဆအဆိပ်မိသေဆုံးမှုနှုန်း မြင့်တက်လာကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးပိုင်းများကြား အဆိပ်အတောက်ရှိ အိမ်သုံးပစ္စည်းများကြောင့် မတော်တဆ အဆိပ်မိမှုနှုန်း သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။

ထိုသို့ အသက် ၆၅ နှစ်ထက် သက်ကြီးပိုင်းများကြား မတော်တဆ အဆိပ်မိသေဆုံးသူများ၏ အဓိကနောက်ခံအကြောင်းအရင်းများမှာ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)နှင့်အတူ အာရုံကြောပျက်စီးမှုပြဿနာများ ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားကြသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၄ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံတစ်ဝန်းလုံး၌ မတော်တဆအဆိပ်မိမှုကြောင့် သေဆုံးသူဦးရေ ၅၇၇၀ ရှိခဲ့ပြီး ၂၃၇၁ ဦးတို့မှာ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများ ဖြစ်ကြသည်။

Dementia ရောဂါ လူနာများအနေဖြင့် အိမ်သုံးပစ္စည်းများကို စားစရာများနှင့် ရောထွေးသွားတတ်ပြီး မျက်စိအမြင်မှုန်ဝါးသူများအနေဖြင့်လည်း ဆေးညွှန်းများ အသိပေးချက်များကို မဖတ်ရှုနိုင်မှုတို့ရှိတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဗီတာမင်ပေါင်းစုံဖြည့်စွက်ဆေးများ နေ့စဉ်သုံးစွဲခြင်းဖြင့် ဇီဝသက်တမ်းအိုမင်းမှုကို လျှော့ချနိုင်

နယူးယောက် မတ် ၁၂

ဗီတာမင်ပေါင်းစုံ ဖြည့်စွက်ဆေးများ နေ့စဉ်သုံးစွဲခြင်းဖြင့် ဇီဝသက်တမ်းအိုမင်းမှုကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်ပေါင်းစုံ ဖြည့်စွက်ဆေးများကို နေ့စဉ် နှစ်နှစ်ကြာထိ သုံးစွဲခဲ့သူများမှာ မသုံးစွဲခဲ့သူများနှင့် နှိုင်းယှဉ်ပါက ဇီဝသက်တမ်းအိုမင်းမှု ပို၍နှေးကွေးလာကြောင်း သိရသည်။

ဗီတာမင်ပေါင်းစုံ ဖြည့်စွက်ဆေးများ နေ့စဉ်သောက်သုံးသူများ၏ ဇီဝသက်တမ်းမှာ မသောက်သုံးသူများ၏ ဇီဝသက်တမ်းထက် ငါးလခန့်ထိ ပို၍နုပျိုနေတတ်သည်ကို တွေ့ရှိရသည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက်အရွယ်နှင့် ဆက်စပ်နေသည့် မျိုးဗီဇအခြေခံ မော်လီကျူး(ဒီအန်အေ) အပြောင်းအလဲများကိုဖော်ထုတ်ရေးအတွက် ကျန်းမာရေး ကောင်းမွန်သည့် အရွယ်ရောက်သူ ၁၀၀၀ ခန့်တို့၏ သွေးနမူနာများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဗီတာမင်ပေါင်းစုံ ဖြည့်စွက်ဆေးများသည် ဇီဝသက်တမ်းအိုမင်းမှုကို အရှိန်လျှော့ပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# စနေနေ့ည ကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဘီလ်ဘာအို၊ ဘန်လေ၊ ဖရန့်ဖတ်အသင်းတို့ကို အားပေးရမှာပါ

M L




ဒီတစ်ပတ်စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာလဲ ရမှတ်လိုအပ်ချက်ရှိနေတဲ့ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာဖြစ်လို့ အကြိတ်အနယ်ရှိလာမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာတော့ ပရီးမီးယားလိဂ်က အက်ဖ်အေဖလားပွဲစဉ်ရှိလို့ ပွဲစဉ်တွေ ရပ်နားထားခဲ့ပေမဲ့ ကျန်ပြိုင်ပွဲတွေကတော့ ပုံမှန်အတိုင်းကျင်းပခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာဆိုရင် ပရိသတ်တွေမျှော်လင့်ထားတဲ့ ပွဲစဉ်အများစု နိုင်ပွဲရခဲ့ပြီး လီဂူးဝမ်းက ပီအက်စ်ဂျီအသင်းနဲ့ စီးရီးအေက အတ္တလန်တာအသင်းတို့သာ နိုင်ပွဲပျောက်ဆုံးခဲ့တာကို သတိပြုရမှာပါ။ လက်ရှိအချိန်ဟာ ဘောလုံးရာသီပိတ်သိမ်းချိန် နီးလာတာကြောင့် အသင်းငယ်တွေကလဲ အသင်းကြီးတွေကို ရေကုန်ရေခန်းတုံ့ပြန်လာတာဖြစ်လို့ ပွဲစဉ်တိုင်းကို သတိထားချဉ်းကပ်နေတာဖြစ်ပြီး ဒဏ်ရာရနဲ့ ပွဲပယ်တွေကလဲ အသင်းတစ်သင်းနိုင်ပွဲရဖို့ အဓိကအချက်ဖြစ်နေတာကို တွေ့ရမှာပါ။ ဒါကြောင့်ဒီတစ်ပတ်ကစားမဲ့ပွဲစဉ်တွေမှာ ဒဏ်ရာရ ပွဲပယ်နည်းပါးပြီး ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းတွေထဲက ဘီလ်ဘာအို၊ ဘန်လေနဲ့ ဖရန့်ဖတ်အသင်းတို့ကို အားပေးသွားမှာဖြစ်ပါတယ်။

### ဘီလ်ဘာအိုအသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ လာလီဂါပွဲစဉ် (၂၈) မှာ အကြိုက်တွေ့တာကတော့ ဂျီရိုနာနဲ့ ဘီလ်ဘာအိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျီရိုနာအသင်းဟာ လာလီဂါကို တန်းတက်လာပြီးနောက်ပိုင်း ကစားသမားစုဖွဲ့မှုကောင်းခဲ့လို့ ဥရောပယှဉ်ပြိုင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အဲဒီကစားသမားကောင်းတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ရောင်းချခဲ့တာကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီကစလို့ တန်းမဆင်းရဖို့သာ ကြိုးစားနေရတာဖြစ်ပါတယ်။ အခုနှစ်မှာလဲ အမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာ ရမှတ် ၃၁ မှတ်သာရခဲ့လို့ အဆင့်(၁၅) မှာရောက်ရှိနေပြီး တန်းဆင်းဇုန်ထဲက မာယော့ကာအသင်းနဲ့ ရမှတ်ခြောက်မှတ်သာ ကွာဟတာကို တွေ့ရမှာပါ။ လက်ရှိခြေစွမ်းပိုင်းကို ကြည့်ရင်တော့ ဂျီရိုနာဟာ ခြေရည်တူအသင်းနဲ့ဆို ရလဒ်ကောင်းဖို့ခက်နေပြီး အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းနေတာဖြစ်ပါတယ်။ အမှတ်ပေးပွဲ အိမ်ကွင်း ၁၃ ပွဲမှာလဲ လေးပွဲသာနိုင်ထားတဲ့ ခြေစွမ်းပိုင်းက ဘီလ်ဘာအိုလို တစ်ယောက်ချင်းစွမ်းဆောင်ရည်ကောင်းတဲ့အသင်းကို ယှဉ်ကစားဖို့ခက်မှာပါ။

ဘီလ်ဘာအိုအသင်းဟာ နှစ်တိုင်းလိုလို ဥရောပပြိုင်ပွဲ ကစားခွင့်ရနေတဲ့အသင်းဖြစ်ပေမဲ့ အခုနှစ်မှာတော့ နည်းပြနဲ့ ကစားသမားတွေကြား နားလည်မှုလွဲမှားနေသေးတာကြောင့် ရမှတ်ရှာဖွေဖို့ ခက်နေတာကို တွေ့ရမှာပါ။ အမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာ ရမှတ် ၃၅ မှတ်သာစုဆောင်းနိုင်ခဲ့တာကြောင့် အဆင့်(၁၀) ထိရောက်ရှိခဲ့ပြီး ဥရောပဝင်ခွင့်ရဖို့ အဆင့်(၆) က ဆဲလ်တာဗီဂိုနဲ့ ရမှတ်ငါးမှတ်ထိ ကွာဟနေတာဖြစ်ပါတယ်။ ဘီလ်ဘာအိုရဲ့ နည်းပြဗယ်ဗာဒီကတော့ ၄-၂-၃-၁ ကစားကွက်ကိုသာ အထိုင်ချကစားနေပေမဲ့ ဒီကစားကွက်မှာ တိုက်စစ်ကိုဦးဆောင်နေတဲ့ အီနာကီဝီလျံနဲ့ ဂူရူဇီတာတို့ ဂိုးရဖို့ခက်ခဲနေတာကို တွေ့ရမှာပါ။ အခုပွဲမှာတော့ နည်းပြအနေနဲ့ တိုက်စစ်ပိုင်းအပြောင်းအလဲလုပ်ပြီး ဂျီရိုနာကို ဖိအားပေးနိုင်ရင်တော့ ရမှတ်ရှာဖွေနိုင်မှာဖြစ်ပါတယ်။ ဒ့ါပြင် နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ငါးပွဲဆက်မှာလဲ ဘီလ်ဘာအိုက တစ်ပွဲသာ ရှုံးခဲ့တာကြောင့် အခုပွဲမှာ ရမှတ်လိုအပ်နေတဲ့ ဘီလ်ဘာအိုကို အားပေးရမှာပါ။

**ဂျီရိုနာအသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၁ | ဂျီရိုနာ |
| ဂျီရိုနာ | ၂ | - | ၁ | ဘာစီလိုနာ |
| အလာဗက် | ၂ | - | ၂ | ဂျီရိုနာ |
| ဂျီရိုနာ | ၁ | - | ၂ | ဆဲလ်တာဗီဂို |
| လီဗန်တေး | ၁ | - | ၁ | ဂျီရိုနာ |

**ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဗီဒို | ၁ | - | ၂ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၂ | - | ၁ | အယ်ချီ |
| ဗယ်လီကာနို | ၁ | - | ၁ | ဘီလ်ဘာအို |
| ဆိုစီဒက် | ၁ | - | ၀ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၀ | - | ၁ | ဘာစီလိုနာ |

### ဘန်လေအသင်းကို ရွေးရမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ် (၃၀) မှာ အကြိုက်တွေ့တာကတော့ ဘန်လေအသင်းနဲ့ ဘုန်းမောက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ တစ်ဂိုးစီသရေရလဒ်နဲ့ ထွက်ပေါ်ခဲ့ပြီး ဘန်လေအသင်းက အဝေးကွင်းကစားခဲ့ရတာကိုတွေ့ရမှာပါ။ ဘန်လေအသင်းဟာ အခုနှစ်မှ ပရီးမီးယားလိဂ်ကို တန်းတက်လာတာကြောင့် တန်းမဆင်းရဖို့အတွက် ပရီးမီးယားလိဂ်အတွေ့အကြုံရှိတဲ့ ဝေါလ်ကာ၊ ဂိုးသမား ဒူဘရာကာ၊ အူဂိုချူကူ၊ ဘရိုဂျာ၊ ဝက်ပရောက်တို့လို ကစားသမားတွေကိုခေါ်ယူခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်ပိုင်းမှာ ဂျေဒန်အန်တိုနီ ခြေစွမ်းပြနိုင်တုန်းက အသင်းတိုင်းကိုဖိအားပေးကစားနိုင်ပေမဲ့ နောက်ပိုင်းမှာ အန်တိုနီ ဂိုးသွင်းဖို့ခက်ခဲခဲ့သလို အဓိက တိုက်စစ်မှူး ဘရိုဂျာလဲ ဒဏ်ရာရခဲ့တာကြောင့် ရမှတ်တွေဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ အမှတ်ပေးပွဲ ၂၉ ပွဲအပြီးမှာတော့ ရမှတ် ၁၉ မှတ်သာရခဲ့တာကြောင့် အဆင့် (၁၉) မှာ ရောက်ရှိနေပြီး တန်းဆင်းရဖို့ နီးစပ်နေတာကို သတိပြုရမှာပါ။ ဒါပေမဲ့ လာမဲ့ပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့မယ်ဆိုရင်တော့ အဆင့်(၁၇) က နော်တင်ဟမ်၊ အဆင့်(၁၆) က စပါးတို့နဲ့ ရမှတ် ၁၀ မှတ်သာ ကွာဟနေလို့ တန်းဆင်းဇုန်ကလွတ်ဖို့ မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဘန်လေနည်းပြ စကော့ပါကားအနေနဲ့ ဘုန်းမောက်ကို တိုက်စစ်ဖွင့်မကစားဘဲ တန်ပြန်တိုက်စစ်နဲ့ ပြန်လည်တုံ့ပြန်နိုင်ရင်တော့ အနည်းဆုံး ရမှတ်ခွဲယူနိုင်မှာ သေချာပါတယ်။

ဘုန်းမောက်အသင်းဟာ နည်းပြအီရာအိုလာလက်အောက်မှာ ရလဒ်ပိုင်းတိုးတက်လာခဲ့သလို ခြေစွမ်းပြ လူငယ်ကစားသမားအများအပြားလဲ ထွက်ပေါ်လာခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အခုရာသီမှာ ဟူအီဆန်၊ ဇာဘာညီ၊ ဆီမီညို၊ အော့တာရာတို့လို ကစားသမားကောင်းတွေကို အသင်းကြီးတွေဆီ လက်လွှတ်ခဲ့ရတာဖြစ်ပါတယ်။ နည်းပြ အီရာအိုလာကတော့ ကျန်ရှိတဲ့ ကစားသမားတွေနဲ့ အသင်းကို အကောင်းဆုံးတည်ဆောက်နေပေမဲ့ ဆီမီညိုကို မန်စီးတီးအသင်းကို ရောင်းချပြီးနောက်ပိုင်းမှာ တိုက်စစ်ပိုင်းကစားအား ကျဆင်းသွားတာကို သတိပြုရမှာပါ။ လက်ရှိမှာတော့ တိုက်စစ်ကို အီဗန်နယ်ဆန်၊ တာဗာနီးယားတို့နဲ့ ပွဲထွက်နေပေမဲ့ အီဗန်နယ်ဆန် ပုံမှန်ဂိုးသွင်းခြေစွမ်းမရှိတာကြောင့် နောက်ပိုင်းမှာ ရလဒ်ကောင်းဖို့ ခက်ခဲနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ တစ်ပွဲပျမ်းမျှ တစ်ဂိုးနှုန်းသာ သွင်းယူထားနိုင်ပြီး လေးပွဲသရေ၊ တစ်ပွဲသာနိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းမောက် တိုက်စစ်ပိုင်းကျဆင်းနေချိန်မှာ ဘန်လေလို တန်းဆင်းဇုန် ဖိအားရှိတဲ့အသင်းနဲ့ တွေ့ဆုံနေတာဖြစ်လို့ အခုပွဲမှာ ရမှတ်ခွဲယူရဖို့ သေချာနေလို့ အကျောပေးမှုအရ အိမ်ရှင်ဘန်လေကိုပဲ ရွေးရမှာပါ။

**ဘန်လေအသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၂ | - | ၃ | ဘန်လေ |
| ဘန်လေ | ၁ | - | ၂ | မန်ဖီးလ် |
| ချဲလ်ဆီး | ၁ | - | ၁ | ဘန်လေ |
| ဘန်လေ | ၃ | - | ၄ | ဘရန့်ဖို့ဒ် |
| အဲဗာတန် | ၂ | - | ၀ | ဘန်လေ |

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၁ | အေဗီလာ |
| အဲဗာတန် | ၁ | - | ၂ | ဘုန်းမောက် |
| ဝက်စ်ဟမ်း | ၀ | - | ၀ | ဘုန်းမောက် |
| ဘုန်းမောက် | ၁ | - | ၁ | ဆန်းဒါးလန်း |
| ဘုန်းမောက် | ၀ | - | ၀ | ဘရန့်ဖို့ဒ် |

### ဖရန့်ဖတ်အသင်းနဲ့လက်တွဲရမှာပါ

ဘွန်ဒက်လီဂါ ပွဲစဉ် (၂၆)မှာ အကြိုက်တွေ့မိတာကတော့ ဖရန့်ဖတ်အသင်းနဲ့ ဟီဒန်ဟိမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖရန့်ဖတ်အသင်းဟာ ဘွန်ဒက်လီဂါမှာ ခြေစွမ်းပိုင်းထက်မြက်တဲ့ အသင်းတစ်သင်းဖြစ်ပြီး ပြိုင်ဘက်အသင်းတွေ သတိထားရတဲ့ အသင်းလဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ ဘွန်ဒက်လီဂါအတွေ့အကြုံရှိတဲ့ ကစားသမားတွေကိုသာ ခေါ်ယူထားပြီး အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ကစားဖို့ ပြင်ဆင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ နည်းပြတော့မိုလာ လက်အောက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိခဲ့လို့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာ နည်းပြသစ်ပြောင်းလဲ ခန့်အပ်ခဲ့တာဖြစ်ပြီး နည်းပြသစ်လက်ထက်မှာတော့ အသင်းတိုက်စစ်ပိုင်း အားကောင်းလာခဲ့လို့ အဆုံးအဖြတ်ပွဲတွေမှာ ရမှတ်ရှာဖွေနိုင်ခဲ့တာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာဆိုတိုက်စစ်ပိုင်းက သွင်းဂိုးရှစ်ဂိုးထိသွင်းယူနိုင်ခဲ့ပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲသာ ရှုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၂၅ ပွဲအပြီးမှာတော့ ရမှတ် ၃၅ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၇)မှာ ရောက်နေပေမဲ့ အဆင့်(၆)က လေဗာကူဆင်အသင်းနဲ့ ရမှတ်ကိုးမှတ်သာကွာဟနေလို့ လက်ကျန်ပွဲတွေမှာ ရလဒ်ကောင်းခဲ့ရင် ဥရောပဝင်ခွင့် တစ်နေရာရမှာဖြစ်လို့ အခုလို ဟီဒန်ဟိမ်းအသင်းနဲ့တွေ့ချိန်မှာ နိုင်ပွဲရဖို့ကြိုးစားလာမှာဖြစ်ပါတယ်။

ဟီဒန်ဟိမ်းအသင်းဟာ ဘွန်ဒက်လီဂါကို ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ တက်ရောက်နိုင်ခဲ့ပြီး ဘောလုံးရာသီသုံးရာသီဆက်တိုက် ထိပ်တန်းလိဂ်မှာ ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ အခုရာသီမှာတော့ ကစားသမားစုဖွဲ့မှု အားနည်းခဲ့သလို ဒဏ်ရာရ ကစားသမားတွေများပြားလာတာကြောင့် အမှတ်ပေးပွဲ ၂၅ ပွဲအပြီးမှာ ရမှတ် ၁၄ မှတ်နဲ့ အမှတ်ပေးဇယား အောက်ဆုံးမှာရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ နိုင်ပွဲသုံးပွဲသာ ရထားပြီး ခံစစ်ပိုင်းကလဲ ပေးဂိုး ၅၇ ဂိုးထိရှိနေတာဖြစ်လို့ ဖရန့်ဖတ်လို တိုက်စစ်ကောင်းတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ မလွယ်ပါဘူး။ ဒ့ါပြင် အခုရာသီ အဝေးကွင်း ၁၂ ပွဲမှာလဲ ယူနီယံဘာလင်အသင်းကိုသာ နိုင်ပွဲရထားပြီး အဝေးကွင်း ပေးဂိုး ၂၆ ဂိုးထိရှိနေတာကိုလဲ သတိပြုရမှာပါ။ သူတို့ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ခုနစ်ကြိမ်မှာလဲ ဖရန့်ဖတ်အသင်းက ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲသာရှုံးခဲ့လို့ အခုပွဲမှာလဲ ဖရန့်ဖတ်နဲ့ပဲလက်တွဲရမှာပါ။

**ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၁ | - | ၁ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၃ | - | ၀ | ဂလာဘတ် |
| ဘိုင်ယန်မြူးနစ် | ၃ | - | ၂ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၂ | - | ၀ | ဖရိုင်းဘတ် |
| စိန့်ပေါ်လီ | ၀ | - | ၀ | ဖရန့်ဖတ် |

**ဟီဒန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟီဒန်ဟိမ်း | ၀ | - | ၂ | ဟမ်းဘတ် |
| အော့စ်ဘတ် | ၁ | - | ၀ | ဟီဒန်ဟိမ်း |
| ဟီဒန်ဟိမ်း | ၃ | - | ၃ | စတုဂတ် |
| ဝါဒါဘရီမင် | ၂ | - | ၀ | ဟီဒန်ဟိမ်း |
| ဟီဒန်ဟိမ်း | ၂ | - | ၄ | ဟော့ဖန်ဟိမ်း |

# နီကာရာဂွာနိုင်ငံတွင် ပြင်းအား ၅ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် လမ်းများနှင့်လူနေအဆောက်အအုံများ ပျက်စီးခဲ့



မနာဂွာ မတ် ၁၂

နီကာရာဂွာနိုင်ငံတွင် ပြင်းအား ၅ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် လမ်းများနှင့် လူနေအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ လှုပ်ခတ်ခဲ့သော ငလျင်သည် မြောက်လတ္တီတွဒ် ၁၁ ဒသမ ၅၀ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် ၈၅ ဒသမ ၈၆ ဒီဂရီတွင်တည်ရှိပြီး မြေအောက်အနက် ၁၉၉ ဒသမ ၅ ကီလိုမီတာခန့်တွင် ဖြစ်ပွားခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် အခြေခံနှင့်လူနေအဆောက်အအုံများ၊ လမ်းများ ပျက်စီးခဲ့ကြောင်း၊ လက်ရှိအချိန်ထိ လူသေဆုံးမှုနှင့်ထိခိုက်ဒဏ်ရာရရှိမှုစာရင်းအတိအကျကို စစ်တမ်းများကောက်ယူဆဲဖြစ်ပြီး ဒေသဆိုင်ရာ အာဏာပိုင်များက အခြေအနေကို ဆက်လက်စောင့်ကြည့်နေဆဲဖြစ်ကြောင်း သိရသည်။

နီကာရာဂွာနိုင်ငံသည် အလယ်အမေရိကဒေသရှိ ပစိဖိတ်မီးကွင်းအနီးတွင် တည်ရှိသောကြောင့် ငလျင်နှင့် မီးတောင်လှုပ်ရှားမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သဖြင့် လက်ရှိမှာ နိုင်ငံအတွင်းရှိ မိုးလေဝသနှင့် ဘူမိဗေဒဆိုင်ရာ အာဏာပိုင်များက ငလျင်လှုပ်ရှားမှုများကို စောင့်ကြည့်စစ်ဆေးကာ ငလျင်သတင်းများကို အစဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အမေရိကန်နိုင်ငံ နယူတန်ကောင်တီတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးကာ လူနေအိမ်ခြေများ ပျက်စီး

ဝါရှင်တန် မတ် ၁၂

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် နယူတန်ကောင်တီတွင် မတ် ၁၁ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီးနောက် ဒေသခံလူနှစ်ဦးသေဆုံးကာ လူနေအိမ်ခြေများ ပျက်စီးခဲ့ကြောင်း ဂျော်ဂျီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အလားတူ အီလီနွိုက်ပြည်နယ် မြောက်ဘက်ပိုင်းနှင့် အင်ဒီယားနားပြည်နယ် အနောက်မြောက်ဘက်ပိုင်း ဒေသများတွင်လည်း မတ် ၁၀ ရက်၌ လေဆင်နှာမောင်း လေးကြိမ် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လေဆင်နှာမောင်းပြင်းအားကိုလည်း Supercells အဆင့်အဖြစ် သတ်မှတ်ကြောင်း၊ လေဆင်နှာမောင်း အန္တရာယ်ကြောင့် နယူတန်ကောင်တီတွင် လေဆင်နှာမောင်း အန္တရာယ်အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ကြောင်း၊ လေဆင်နှာမောင်း ဖြတ်သန်းတိုက်ခတ်ခဲ့သော လမ်းကြောင်း တစ်လျှောက် လျှပ်စစ်ဓာတ်တိုင်တချို့လဲကျခဲ့ပြီး လျှပ်စစ်မီး ပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း NWS က ထုတ်ပြန်ခဲ့သည်။



"ဂျော်ဂျီယာပြည်နယ် နယူတန်ကောင်တီမှာ အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနေအိမ်ခြေများ ပျက်စီးခဲ့ပြီး ဒေသခံလူနှစ်ဦး သေဆုံးခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် ဓာတ်တိုင်တချို့ လဲကျခဲ့ပြီးတော့ လျှပ်စစ်မီး ပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ ပျက်စီးခဲ့တဲ့ လူနေအိမ်ခြေတွေမှာ နေထိုင်တဲ့ ဒေသခံတွေကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်" ဟု ဂျော်ဂျီယာပြည်နယ်အာဏာပိုင် အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အယ်ဘတ်တာပြည်နယ်တွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်

အော့တဝါ မတ် ၁၂

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် တောမီးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း Canada Environment က ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အယ်ဘတ်တာပြည်နယ်သည် တောမီးမကြာခဏ လောင်ကျွမ်းလေ့ရှိသည့် ပြည်နယ်ဖြစ်ပြီး ကနေဒါနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုနှုန်း အမြင့်မားဆုံးသော ပြည်နယ်လည်း ဖြစ်ကြောင်း၊ အယ်ဘတ်တာပြည်နယ်ကို ယခုနှစ်တွင် အပူချိန်ပုံမှန်ထက်မြင့်တက်နေသည့်အတွက် မတ် ၁၁ ရက်မှ စတင်၍ Canada Environment က တောမီးအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အယ်ဘတ်တာပြည်နယ်ဟာ တောမီးလောင်ကျွမ်းမှုနှုန်း အမြင့်မားဆုံးသော ပြည်နယ်ဖြစ်ပါတယ်။ နွေကာလရောက်မှ တောမီးရာသီအဖြစ် သတ်မှတ်ခဲ့ပေမဲ့လဲ ဒီနှစ်မှာတော့ အပူချိန်မြင့်တက်ခဲ့တဲ့အတွက် မတ် ၁၁ ရက်ကစပြီး တောမီးရာသီအဖြစ် သတ်မှတ်ပြီး သတိပေးချက်ထုတ်ပြန်ထားတာဖြစ်ပါတယ်။ နွေကာလရောက်ရင် တောမီး လောင်ကျွမ်းမှုအခြေအနေ ပိုဆိုးသွားနိုင်တယ်။ ဒါကြောင့် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ဖို့လဲ သတိပေးထားပါတယ်။ အယ်ဘတ်တာပြည်နယ် ဝန်ကြီးချုပ်ရှီးကိုလဲ တရားဝင်အသိပေး အကြောင်းကြားထားပြီး ဖြစ်ပါတယ်"ဟု Canada Environment မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဘူနာဗန်တူရာကြေးနီစီမံကိန်း ဆောင်ရွက်ရန် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိကို သုတေသနပြုလုပ်ရန် ပီရူးအစိုးရ ပြောကြား

လီမာ မတ် ၁၂

ပီရူးနိုင်ငံ ထရာပီချီနယ်မြေတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ဘူနာဗန်တူရာ ကြေးနီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဘူနာဗန်တူရာ ကုမ္ပဏီနှင့်ပီရူးအစိုးရတို့ကြား သဘောတူညီချက်ရရှိခဲ့ပြီးနောက် အဆိုပါစီမံကိန်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ၊ မရှိနှင့် ပတ်သက်ပြီး သုတေသနပြုလုပ်သွားရန် ပီရူးအစိုးရက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိမှသာ စီမံကိန်းကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ တန်ကြေးရှိသည့် စီမံကိန်းဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ တိုးမြင့်လာနိုင်သော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် SENACE က မူဝါဒအတိုင်း ကြေးနီစီမံကိန်း ဆောင်ရွက်မည့်နေရာတွင် စီမံကိန်းကို အကောင်အထည်ဖော်ပါက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိကြောင်း သက်သေခံလက်မှတ်ရရှိမှသာ အစိုးရက စီမံကိန်းကို အကောင်အထည်ဖော်ခွင့်ပြုမည်ဖြစ်ကြောင်း ပီရူးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

"ဘူနာဗန်တူရာကြေးနီ စီမံကိန်း ဆောင်ရွက်ဖို့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ၊မရှိ သုတေသနပြုလုပ်ဖို့ ကုမ္ပဏီကို ပြောကြားထားပါတယ်။ ကုမ္ပဏီအနေနဲ့ SENACE အဖွဲ့အစည်းရဲ့ ထောက်ခံချက်လက်မှတ်ရမှ စီမံကိန်းကို အကောင်အထည် ဖော်ခွင့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် သုတေသနပြုလုပ်ပြီးမှ ရရှိလာတဲ့ရလဒ်ကို SENACE အဖွဲ့အစည်းထံ တင်သွင်းရမှာဖြစ်ပါတယ်"ဟု ပီရူးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# တန်ဇန်းနီးယားနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားနေသဖြင့် သဘာဝဘေးအရေးပေါ်သတိပေးချက်ထုတ်ပြန်ခဲ့

ဒိုဒိုမာ မတ် ၁၂

တန်ဇန်းနီးယားနိုင်ငံ မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသဖြင့် သဘာဝဘေး အရေးပေါ်သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တန်ဇန်းနီးယားနိုင်ငံတွင် ယခုလ ဒုတိယပတ်အစကတည်းက မိုးရွာသွန်းမှုကြောင့် ဆရန်ဂက်တီ အမျိုးသားဥယျာဉ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားနေကာ ယနေ့အချိန်ထိလည်း မိုးရွာသွန်းနေဆဲဖြစ်ကြောင်း၊ ဆရန်ဂက်တီ အမျိုးသားဥယျာဉ်သည် အာဖရိကတိုက်၏ အထင်ရှားဆုံး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများထဲမှ တစ်ခုဖြစ်ပြီး နှစ်စဉ် ကမ္ဘာတစ်ဝန်းမှ ခရီးသွားဧည့်သည်များ အများအပြား လာရောက်လည်ပတ်ကြကြောင်း၊ လက်ရှိတွင် မိုးအဆက်မပြတ်ရွာနေသည့်အတွက် လာရောက်လည်ပတ်သူများနှင့် ခရီးသွားများ၏ ယာဉ်တချို့ ရေလွှမ်းမိုးခံနေရကြောင်း သိရသည်။

ထို့ကြောင့် Tanzania Association of Tour Operators (TATO)မှ အာဏာပိုင်များက သဘာဝဘေး အရေးပေါ်သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ရေကြီးနေသော မြစ်များအနီးရှိ လမ်းများကို အရဲစွန့်မဖြတ်ကူးရန် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

Tanzania Association of Tour Operators (TATO) မှ ဥက္ကဋ္ဌ Wilbard Chambulo က ခရီးသွားလုပ်ငန်းရှင်များ၊ ယာဉ်မောင်းများနှင့် လမ်းပြများ ဘေးကင်းရေးကို ဦးစားပေးဆောင်ရွက်ပေးနေပြီး လာရောက်လည်ပတ်သူများနှင့် ခရီးသွားများကို ရေကျော်နေသော လမ်းများနှင့်ကြုံတွေ့ပါက နောက်ပြန်လှည့်ရန်၊ ရေမျက်နှာပြင်ကျဆင်းသွားသည်ထိ စောင့်ဆိုင်းရန်၊ ပိုမိုဘေးကင်းသည့် လမ်းကြောင်းများကို ရွေးချယ်ရန်လည်း အကြံပြုထားသည်။

Ref : Russia Today

Trs : KZ

ခရီးသွားဆောင်းပါး

# မယ်လခဲမှထွက်ခွာ ကနုကမာရွာ

သက်နိုင်(ပြင်ဦးလွင်)

ပုသိမ်မော်တင်စွန်း၊ ဂေါ်ရန်ဂျီကျွန်း၊ ဟိုင်းကြီးကျွန်း၊ ထိပ်စွန်းခရီးစဉ်မှာ ပုသိမ်မြို့ကိုရောက်တာနဲ့ နေ့လယ်စာထမင်းစားသောက်ကြပြီး ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြပါပြီ။ ကျောင်းပိတ်ရက်ရှည်၊ ရုံးပိတ်ရက်ရှည်ဖြစ်တဲ့အတွက် လမ်းပေါ်မှာ ယာဉ်အသွားအလာများပြားနေတယ်။ ဒါပေမဲ့ ချောင်းသာလမ်းခွဲ၊ မော်တင်စွန်းနဲ့ ငွေဆောင် ပင်လယ်ကမ်းခြေလမ်းခွဲတွေကို ရောက်တာနဲ့အသွားအလာတွေ ရှင်းသွားပြန်တယ်။ ခရီးသွားယာဉ်အများစုက ချောင်းသာ၊ ငွေဆောင်ကမ်းခြေရှိရာကို ခွဲထွက်မောင်းနှင်သွားနေကြတာပါ။ မိမိတို့မောင်နှမတွေလဲ မော်တင်စွန်းနဲ့ ငွေဆောင်လမ်းခွဲကို ရောက်တာနဲ့ ကားခဏရပ်ပြီး အမှတ်တရမှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူကြတယ်။ လမ်းဆုံမှာဖော်ပြထားတဲ့ လမ်းပြမိုင်တွေအရ ပုသိမ်မြို့နဲ့ ၁၆ မိုင်၊ ငွေဆောင်ကမ်းခြေနဲ့ ၁၆ မိုင် လေးဖာလုံ၊ မိမိတို့သွားရောက်ကြမဲ့ မော်တင်စွန်းနဲ့ ၈၄ မိုင်ဝေးကွာနေပါသေးတယ်။

လမ်းဆုံမှာ မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူအပြီး ဘယ်ဘက်လမ်းအတိုင်း မော်တင်စွန်းရှိရာကို ဆက်လက်မောင်းနှင်လာတဲ့အခါ လမ်းလဲရှင်း၊ လမ်းလဲကျဉ်းသွားသလို လမ်းကောင်း၊ မကောင်းကိုပါ ထပ်မံပူပန်နေရတယ်။ လမ်းတွေက တောင်တက်တောင်ဆင်း၊ အကွေ့အကောက်တွေ အလွန်ပေါများနေတယ်။ ဖြတ်သန်းမောင်းနှင်နေတဲ့ လမ်းဘေးဝဲယာတစ်လျှောက်မှာ လူနေအိမ်တွေ၊ ကျေးရွာတွေ အလွန်နည်းပါးနေပြီး တစ်ခါတစ်ရံလောက်မှာသာ တွေ့မြင်နေရတယ်။ လမ်းတစ်လျှောက်လုံး တောတွေ၊ တောင်တွေသာ များပြားနေတယ်။ ဒါကြောင့်လဲ ဒေသခံတွေအများစုက သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်၊ တောင်ယာစိုက်ပျိုးခြင်းအလုပ်တွေနဲ့ တောတွေ၊ တောင်တွေကိုသာ မှီခိုအားထားလုပ်ကိုင်စားသောက်နေရကြောင်း သိထားရတယ်။

မကြာခင်မှာ ကွေ့လေစမ်းတောင်ကို ရောက်လာခဲ့ပြီး တောင်ရဲ့အမည်နာမအတိုင်း တစ်တောင်ပြီး တစ်တောင်၊ တစ်ကွေ့ပြီးတစ်ကွေ့ကို ကွေ့ပတ်မောင်းနေရတော့တယ်။ တောင်ကအလွန်မမြင့်မားပေမဲ့ လမ်းအကွေ့အတက်အဆင်းနေရာတွေမှာ လမ်းဆိုးလမ်းကြမ်းတွေကို ကြုံတွေ့နေရတယ်။ ကွေ့လေစမ်းတောင်ကို ကျော်ဖြတ်အပြီးမှာ ထန်းတပင်ဆင်ထိန်းသိမ်းရေးစခန်းကို ရောက်လာခဲ့ကြတယ်။ ဆင်စခန်းအတွင်းကို ဝင်ရောက်လေ့လာတာမျိုးတွေမလုပ်ကြပေမဲ့ ဆင်စခန်းအနီးတောထဲမှာ ဆင်တွေကို တွေ့မြင်ရမလားဆိုပြီး သတိထားရှာဖွေကြည့်ရှုလိုက်မိသေးတယ်။ ဒါပေမဲ့ ဆင်တွေကို မတွေ့မမြင်ကြရပါဘူး။ အရင်တစ်ခေါက်ကတော့လမ်းဘေးတောတွေအတွင်းမှာ သွားလာကျက်စားနေတဲ့ ဆင်တွေကို တွေ့မြင်ခဲ့ရတယ်။ ဒေသခံတွေရဲ့သတိပေးပြောပြထားချက်တွေအရ တောတွေ၊ တောင်တွေအတွင်းမှာ တောဆင်ရိုင်းတွေ၊ ချေတွေ၊ ဆတ်တွေစတဲ့တောကောင်တွေရှိနေကြသေးပြီး မကြာခဏဆိုသလို ကားလမ်းပေါ်ကို တက်လာလေ့ရှိကြတယ်၊ လမ်းကို ဖြတ်သန်းသွားလာနေကြတယ်ဆိုတာကြောင့် ကားကိုလဲ သတိထားမောင်းနေရတယ်။

ဒီလိုသတိထားမောင်းလာရင်းနဲ့ မကြာခင်မှာ မဏ္ဍာပ်ဆိုတဲ့ရွာကြီးကို ရောက်လာခဲ့ကြတယ်။ ရွာအမည်က မဏ္ဍာပ်ဆိုပြီး ထူးခြားနေသလို ထမင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ အခြားဆိုင်ကြီးတွေ အများအပြားတွေ့မြင်နေရတယ်။ အရင်တုန်းက ဒီစားသောက်ဆိုင်တွေတိုင်းမှာ ချေ၊ ဆတ်နဲ့တောကောင်အမျိုးမျိုးတွေရဲ့ အသားဟင်းတွေရတယ်ဆိုပြီး ရေးသားကြော်ငြာထားကြပေမဲ့ အခုတစ်ခေါက်မှာ မတွေ့မမြင်ရတော့ပါဘူး။ မိမိတို့က ပုသိမ်မြို့မှာကတည်းက နေ့လယ်စာထမင်းကို စားသောက်လာကြပြီးဖြစ်လို့ ရှေ့ခရီးကို ဆက်လက်မောင်းနှင်လာခဲ့ကြတာ မကြာခင်မှာ သစ်တိုပင်ဆိုတဲ့ရွာလေးတစ်ရွာကို ရောက်ရှိလာခဲ့တယ်။

သစ်တိုပင်ရွာမှာ ကုန်ဆုံဆိုင်အသေးလေးတွေသာရှိနေပြီး တခြားဘာဆိုင်မှမရှိကြပါဘူး။ သာမန်သစ်ခုတ်၊ ဝါးခုတ်ရွာလေးတစ်ရွာပါ။ ဒါပေမဲ့ သစ်တိုပင်ရွာရဲ့ နောက်ထပ်ခုနစ်မိုင်အကွာမှာ ငရုတ်ကောင်းတောင်ဆိုတဲ့ ရွာကြီးတစ်ရွာရှိနေတယ်။ ငရုတ်ကောင်းတောင်ရွာကိုတော့ မိနစ်ပိုင်းအတွင်း အချိန်အနည်းငယ်လောက်မှာ ရောက်လာခဲ့တယ်။ ငရုတ်ကောင်းတောင်က ငရုတ်ကောင်းမြောက်ကို သွားတဲ့လမ်းဆုံလမ်းခွဲတစ်ခုဖြစ်နေသလို ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တန်းတွေနဲ့ စည်စည်ကားကားလဲဖြစ်နေတယ်။ မိမိတို့ရဲ့ခရီးစဉ်အရ အပြန်ခရီးမှာ ဂေါ်ရန်ဂျီကျွန်းကိုသွားတဲ့အခါ ဒီလမ်းဆုံကနေ ချိုးကွေ့ခွဲထွက်သွားကြရမှာပါ။ ငရုတ်ကောင်းမြောက်က မြို့နယ်ခွဲတစ်ခုဖြစ်သွားခဲ့ပြီး ဂေါ်ရန်ဂျီကျွန်းက ငရုတ်ကောင်းမြို့နယ်ခွဲအတွင်းမှာ ပါဝင်နေတယ်။ အခုရောက်ရှိနေပြီဖြစ်တဲ့ ငရုတ်ကောင်းတောင်က မိုင်တိုင်အမှတ် ၅၃ မိုင် သုံးဖာလုံမှာရှိနေတာကြောင့် မော်တင်စွန်းကိုရောက်ရှိဖို့အတွက် နောက်ထပ် ၃၁ မိုင်လောက်သာ ကျန်ရှိနေပါတော့တယ်။ ဒါပေမဲ့ မိမိတို့က မော်တင်စွန်းကို တိုက်ရိုက်သွားရောက်ကြမှာမဟုတ်ဘဲ ဟိုင်းကြီးကျွန်းကို သွားရောက်ကြမှာဖြစ်လို့ ငရုတ်ကောင်းတောင်မှာ ကားနား၊ လူနား၊ အမောပြေအပန်းဖြေ၊ အအေးသောက်ကြရင်း ဟိုင်းကြီးကျွန်းမှာရှိတဲ့ နယ်ခံညီဝမ်းကွဲ၊ ညီမဝမ်းကွဲတွေကို ဖုန်းဆက်အကြောင်းကြားထားရတယ်။ သူတို့က မိမိတို့မောင်နှမတွေကို သတ်မှတ်နေရာတစ်ခုမှာ ချိန်းဆိုပြီးလာရောက်ကြိုဆိုနေမှာပါ။

အအေးသောက်နားနေပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ လမ်းရဲ့အခြေအနေကတော့ မူလအတိုင်း အတက်အဆင်း၊ အကွေ့အကောက်တွေရှိနေကြသေးတယ်။ ဒါပေမဲ့ အအေးသောက်ပြီးအမောလဲပြေ၊ နောက်ထပ်ကျန်ရှိနေတဲ့ ခရီးမိုင်အကွာအဝေးက ရန်ကုန်မြို့ကနေ ထွက်လာခဲ့တဲ့ခရီးမိုင်တွေနဲ့စာရင် မပြောပလောက်တဲ့ အကွာအဝေးတစ်ခုအဖြစ်သာ ကျန်ရှိနေတော့လို့ ကားမောင်းရတာ ပိုမိုပေါ့ပါးလန်းဆန်းနေတယ်။ ဒါ့ပြင် ဟိုင်းကြီးကျွန်းက ညီဝမ်းကွဲ၊ ညီမဝမ်းကွဲတွေနဲ့ဆက်သွယ်အကြောင်းကြား ချိတ်ဆက်ပြီးတာကြောင့်လဲ ဘာမှပူပန်စရာမလိုတော့ပါဘူး။ ခရီးလမ်းတစ်လျှောက်မှာ စိတ်အေးလက်အေးဖြစ်လို့နေတယ်။

ငရုတ်ကောင်းတောင်ကနေ ထွက်လာပြီးတာနဲ့ လမ်းတစ်လျှောက်လုံးမှာ ယာဉ်သွားယာဉ်လာတွေ ရှင်းလင်းနေတယ်။ နာမည်ကျော် မော်တင်စွန်းပွဲတော်ကာလကို ရောက်ခါနီးပြီဖြစ်ပေမဲ့ စည်စည်ကားကားရှုပ်ရှုပ်ထွေးထွေး မရှိသေးပါဘူး။ အရင်တုန်းက မိမိအပါအဝင် လူအများစုသိရှိနေတဲ့ ပုသိမ်မော်တင်စွန်းဘုရား၊ မော်တင်စွန်းဆိုတာ ပုသိမ်မြို့နယ်အတွင်းမှာ မဟုတ်ဘဲ ငပုတောမြို့နယ်အတွင်းမှာ တည်ရှိနေတာပါ။ ငရုတ်ကောင်းမြို့နယ်ခွဲကလဲ ငပုတောမြို့နယ်ထဲမှာပဲ တည်ရှိနေပြန်တယ်။ ဒီအကြောင်းခြင်းရာတွေကို အရင်တုန်းက မသိရှိဘဲ ဒီဒေသ၊ ဒီအရပ်တွေကို ကိုယ်တိုင်ရောက်ပြီးသိရှိရတော့တယ်။



မယ်လခဲရွာနှင့် ကနုကမာရွာကြားရှိ ချောင်းတစ်ချောင်းကို တွေ့ရစဉ်။

ငရုတ်ကောင်းတောင်ကနေ တောတွေဖြတ်လိုက်၊ တောင်တွေတက်လိုက်၊ ရွာငယ်ရွာတန်းလေးတွေကို တွေ့ရှိလိုက်၊ တွေးရင်းငေးရင်း စကားပြောရင်း မောင်းလာခဲ့တာ ညနေ ၃ နာရီကျော်မှာ ငါးပြေမဆိုတဲ့ ရွာတစ်ရွာကိုရောက်လာကြတယ်။

ငါးပြေမရွာကို ကျော်လွန်ခဲ့ပြီး မကြာခင်မှာ ညီဝမ်းကွဲတစ်ယောက်နဲ့ ချိန်းဆိုထားတဲ့ သတ်မှတ်နေရာကို ရောက်လာခဲ့ကြတယ်။ နေရာက ကုန်းတန်းရွာထိပ်၊ ရွာလမ်းအဝင်နေရာပါ။ ပုသိမ်-မော်တင်စွန်း လမ်းဘေးမှာတည်ရှိနေသလို ရွာဝင်ဆိုင်းဘုတ်တွေ၊ နားနေစရာ ဇရပ်ဆောင်လေးတွေလဲရှိနေကြတယ်။ ဒီနေရာ ကုန်းတန်းရွာထိပ်မှာ ဆိုင်ကယ်တစ်စီးနဲ့ လာရောက်ကြိုဆိုနေတဲ့ ညီဝမ်းကွဲဖြစ်သူနဲ့ တွေ့ဆုံကြအပြီး သူကလမ်းပြအဖြစ် ဆိုင်ကယ်နဲ့ ရှေ့ကသွား၊ မိမိက ကားနဲ့နောက်ကလိုက်ပါမောင်းနှင်လာခဲ့ရတယ်။ လိုက်ပါမောင်းနှင်နေရတဲ့လမ်းက ထူးခြားဆန်းပြားနေတယ်။ လမ်းရဲ့အခြေအနေက ဘယ်ဘက်ဘီး၊ ညာဘက်ဘီး၊ ဘယ်ညာဘီးတစ်နေရာစာအတွက်သာ ခင်းထားတဲ့ ကွန်ကရစ်လမ်းလေးဖြစ်နေတယ်။ လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှာလဲ စပါးစိုက်တဲ့လယ်ကွင်း လယ်ကွက်တွေ ပုံသဏ္ဍာန်နဲ့ ဆားကွင်းဆားကွက်တွေရှိနေကြတယ်။ ဆားကွင်းဆားကွက်တွေက လယ်ကန်သင်းရိုးတွေလို ရေသွင်းရေထုတ် ကန်သင်းရိုးတွေလဲ ရှိနေသေးတာကြောင့် ရုတ်တရက်ကြည့်လိုက်မယ်ဆိုရင် သွားလာတွေ့မြင်နေကျ လယ်ကွင်းလယ်ကွက်တွေလို့ ထင်မှတ်နေရတယ်။ သေသေချာချာသတိထားကြည့်လိုက်မှ ပင်လယ်ဆားငန်ရည်တွေနဲ့ ဆားကွင်းတွေဆိုတာ သိလိုက်ကြရတယ်။ ဒါ့ပြင် ဆားကွင်းတွေရဲ့ အစွန်အနား သတ်နေရာတွေမှာ ပင်လယ်လမုပင်တွေ စိမ်းစိမ်းစိုစိုနဲ့ တန်းစီပြီး ရှင်သန်ပေါက်ရောက်နေကြတယ်။ ဒီလို အလွန်ကျဉ်းမြောင်းလှတဲ့ ဘီးတစ်ဘီးစာ ကွန်ကရစ်လမ်းလေးမှာ မျက်နှာချင်းဆိုင်က ကား ဒါမှမဟုတ် ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ လာခဲ့မယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုရှောင်တိမ်းကြမလဲဆိုတာကို စဉ်းစားတွေးတောနေရင်း မကြာခင်မှာ မျက်နှာချင်းဆိုင်ကလာနေတဲ့ ထော်လာဂျီတစ်စီးကို ရုတ်တရက်တွေ့မြင်လိုက်ရတယ်။ မိမိတို့ သိမထားတဲ့ အချက်တစ်ချက်က လမ်းအလယ်တစ်နေရာလောက်မှာ ကားတစ်စီးဘေးကပ်ရပ်လို့ရတဲ့ နေရာလေးတစ်ခုရှိနေတယ်။ ဒီနေရာလေးကို မိမိတို့က အရင်ရောက်ရင် လမ်းဘေးကပ်ရပ်ထားပေး၊ သူကအရင်ရောက်ရင် သူကကပ်ထားပေးနဲ့ တစ်စီးနဲ့ တစ်စီး တိမ်းရှောင်မောင်းနှင်လို့ရနေကြတယ်။ အခုနေရာကွက်လပ်လေးရှိနေတဲ့ နေရာကို မိမိတို့ကားက အရင်ရောက်နှင့်နေလို့ ခဏရပ်ပေးထားရပြီး ထော်လာဂျီကျော်ဖြတ်ပြီးသွားမှ ဆက်လက်မောင်းနှင်လာခဲ့ရတယ်။

လမ်းကျဉ်းလေးနဲ့ ဆားကွင်းတွေကို ဖြတ်သန်းမောင်းလာခဲ့ပြီး မကြာခင်မှာ မယ်လခဲဆိုတဲ့ ရွာကြီးတစ်ရွာကို ရောက်လာခဲ့ကြတယ်။ လမ်းပြညီဝမ်းကွဲက ရွာအတွင်းလမ်းတွေကနေ ဟိုချိုး ဒီကွေ့နဲ့ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းထဲကို ရောက်လာတဲ့အခါ ဒီဘုန်းကြီးကျောင်းဝင်းအတွင်းမှာ ကားကို ထားခဲ့ရမှာဖြစ်ပြီး ရှေ့ခရီးအဖြစ် စက်လှေနဲ့ဆက်လက်သွားရောက်ကြမှာဖြစ်ကြောင်း ပြောပြတယ်။ ဘုန်းကြီးကျောင်းနဲ့ ဘေးကပ်လျက်မှာလဲ ချောင်းလား၊ မြစ်လားမသိတဲ့ ရေကြောင်းကြီးတစ်ခုရှိနေတာကို တွေ့မြင်နေရသလို မိမိတို့မောင်နှမတွေကို လာရောက်ကြိုဆိုစောင့်ဆိုင်းနေတဲ့ စက်လှေတစ်စီးကိုလဲ တွေ့မြင်နေရတယ်။ ဒီလိုနဲ့ကားပေါ်က ပစ္စည်းတွေချ၊ စက်လှေပေါ်ပြန်တင်နဲ့ အားလုံးပြီးဆုံးသွားတဲ့အချိန်မှာ ရှေ့ခရီးကို ဆက်ခဲ့ကြရတယ်။ ဒါ့ပြင် ခရီးစဉ်အရ ကားလဲမရှိ၊ ကားလမ်းလဲမပေါက်၊ ရေကြောင်းလမ်းတစ်ခုသာရှိတဲ့ ညီဝမ်းကွဲ၊ ညီမဝမ်းကွဲတွေ နေထိုင်ကြတဲ့ ကနုကမာရွာကို သွားရောက်ကြပြီး ညအိပ်ရပ်နားကြမှာဖြစ်ကြောင်း သိထားရတယ်။ မိမိတို့ကို တင်ဆောင်ထားတဲ့ စက်လှေကတော့ ရေကြောင်းကြီးအတိုင်းအထက်ဘက်ကို ဆန်တက်ခုတ်မောင်းနေပါပြီ။ ရေကြောင်းပြင်ကြီးတစ်လျှောက်မှာတော့ တစ်ခါတစ်ရံမှာ ကျေးရွာလေးတွေ၊ ခြေတံရှည်အိမ်လေးတွေ၊ ခြေတံရှည်အိမ်လေးတွေနဲ့အတူ ငါးဖမ်းကိရိယာပစ္စည်းအမျိုးမျိုးတွေ၊ ငါးဖမ်းလှေတွေ၊ တစ်ခါတစ်ရံမှာ ဓနိပင်တန်းတွေ၊ ပင်လယ်လမုပင်တန်းတွေ၊ တစ်ခါတစ်ရံမှာ ရေကြောင်းအတွင်းချထားတဲ့ ငါးဖမ်းပိုက်တန်းတွေ၊ ဖော့လုံးတွေကို တွေ့မြင်နေကြရတယ်။

မကြာခင်မှာ စက်လှေက ရေကြောင်းပြင်ကျယ်ကြီးကနေ နောက်ထပ် ညာဘက်မှာရှိနေတဲ့ ချောင်းငယ်၊ မြောင်းငယ်လေးအတွင်းကို ချိုးကွေ့ဝင်ရောက် ခုတ်မောင်းသွားပြန်တယ်။ ချောင်းရိုးလေးတစ်လျှောက်မှာလဲ ဓနိပင်တန်းတွေနဲ့ ခြေတံရှည်အိမ်လေးတွေရှိနေကြပြန်တယ်။ ဒါ့ပြင် ချောင်းကကျဉ်းပြီး ကမ်းနဲ့နီးနေတာကြောင့် ကမ်းရိုးတစ်လျှောက်မှာ သွားလာနေကြတဲ့ ငါးလေးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေကို ရှင်းရှင်းလင်းလင်း မြင်တွေ့နေရတယ်။ ညအိပ်တည်းခို လေ့လာလည်ပတ်ကြရမဲ့ ကနုကမာရွာကို ရောက်ရင်တော့ ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေကို အများအပြား ဝဝလင်လင် စားသောက်ကြရမယ်ထင်ပါတယ်။ အခုလောလောဆယ်မှာ မယ်လခဲရွာကနေ တစ်ဆင့် ကနုကမာရွာကို သွားနေကြပါပြီ။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အာရပ်စော်ဘွားများပြည်ထောင်စု၏ အရေးပေါ်တောင်းဆိုချက်အရ တောင်ကိုရီးယားက လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ ပေးပို့



အာရပ်စော်ဘွားများပြည်ထောင်စု၏ အရေးပေါ် တောင်းဆိုချက်ကြောင့် တောင်ကိုရီးယားအစိုးရသည် ၎င်းတို့ ထုတ်လုပ်သည့် Cheongung–II တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်များကို ပေးပို့လိုက်သည်ဟု The Defense Post သတင်းဌာနက မတ် ၉ ရက်တွင် ရေးသားဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံထုတ် Cheon-gung –II တာလတ်ပစ် လေကြောင်းရန် ကာကွယ်ရေးစနစ်အတွက် အသုံးပြုမည့် ကြားဖြတ်ဒုံးကျည် (Interceptors) အစင်းရေ ၃၀ ကျော်ကို မတ် ၈ ရက်က တောင်ကိုရီးယားသို့ ရောက်ရှိလာသည့် C–17 စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြင့် တင်ဆောင်ပေးပို့ခဲ့ခြင်းဖြစ်သည်။ အာရပ်စော်ဘွားများပြည်ထောင်စုဘက်မှ အရေးပေါ်တောင်းဆိုလာခြင်းကြောင့် မူလပေးပို့ရန်သတ်မှတ်ထားသောအစီအစဉ်ကို ရှေ့တိုးကာ အမြန်ဆုံးပေးပို့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် ၎င်းတို့၏ ပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အမေရိကန်နိုင်ငံထုတ် MIM–104 Patriot ဒုံးကျည်များနှင့်အတူ တောင်ကိုရီးယားနိုင်ငံထုတ် Cheongung–II တာလတ်ပစ် လေကြောင်းရန် ကာကွယ်ရေးစနစ်များကိုပါ တွဲဖက်အသုံးပြုလျက်ရှိသည်။ အာရပ်စော်ဘွားများ ပြည်ထောင်စုသည် ၂၀၂၂ ခုနှစ်က တောင်ကိုရီးယားရှိ ကုမ္ပဏီများဖြစ်သော LIG Nex1 ကုမ္ပဏီနှင့် Han-wha Systems ကုမ္ပဏီတို့ထံမှ ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ Cheon-gung–II တာလတ်ပစ် လေကြောင်းရန် ကာကွယ်ရေးစနစ်များကို မှာယူခဲ့ခြင်းဖြစ်သည်။ အာရပ်စော်ဘွားများပြည်ထောင်စုက တောင်ကိုရီးယားနိုင်ငံထံမှ ဒုံးကျည်များ အရေးပေါ်တောင်းခံရခြင်းမှာ ၎င်းတို့အသုံးပြုနေသည့် Cheongung–II တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်သည် မကြာသေးမီက ဖြစ်ပွားခဲ့သော အီရန်၏တိုက်ခိုက်မှုများကို ခုခံရာတွင် ၉၆ ရာခိုင်နှုန်းကျော်ထိ ကြားဖြတ်ဟန့်တားနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ တောင်ကိုရီးယားမီဒီယာများ၏ အဆိုအရ အာရပ်စော်ဘွားများပြည်ထောင်စု၏ လေကြောင်းရန် ကာကွယ်ရေးစနစ်သည် တိုက်ခိုက်မှု စတင်သည့်ပထမသုံးရက်အတွင်းမှာပင် အီရန်၏ ပဲ့ထိန်းဒုံးကျည် ၁၆၁ စင်းနှင့် ဒရုန်း ၆၈၉ စင်းတို့ကို အောင်မြင်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်ဟု သိရှိရသည်။

တောင်ကိုရီးယားနိုင်ငံထုတ် Cheon-gung–II တာလတ်ပစ် လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်သည် ရန်သူ့လေယာဉ်များနှင့် ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားရန် ရည်ရွယ်ထုတ်လုပ်ထားသည့် တာလတ်ပစ် မြေပြင်မှ ဝေဟင်ပစ်လေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်စနစ်တစ်ခုဖြစ်သည်။ Cheongung–II ဒုံးကျည်တပ်ခွဲတစ်ခုတွင် ဒုံးပစ်စင် လေးခု၊ ရေဒါစနစ်တစ်ခုနှင့် ပစ်ခတ်မှုထိန်းချုပ်ရေးဗဟိုဌာနတစ်ခုတို့ ပါဝင်ဖွဲ့စည်းထားသည်။ အလေးချိန် ကီလိုဂရမ် ၄၀၀ ရှိသော ဤကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သည် ရန်သူ့ဒုံးကျည်ကို တိုက်ရိုက်ဝင်တိုက်ကာ ဖျက်ဆီးပစ်သည့်နည်းပညာကို အသုံးပြုထားကြောင်း သိရသည်။

**South Korea Dispatching Cheon-gung–II Interceptors to UAE After Emergency Request ကို ဘာသာပြန်ဆိုထားပါသည်။**

---

## အမေရိကန်နိုင်ငံက ဒရုန်းများကိုပစ်ချနိုင်သည့် ရိုင်ဖယ်တပ်ဆင်သုံးလေဆာလက်နက်စနစ်ကို မိတ်ဆက်

အမေရိကန်နိုင်ငံက ဒရုန်းများကို ပစ်ချနိုင်သည့် ရိုင်ဖယ်တပ်ဆင်သုံး လေဆာလက်နက်စနစ်ကို မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း Next Gen Defense သတင်းဌာနက မတ် ၁၀ ရက်တွင် ရေးသားဖော်ပြထားသည်။

Nuburu ကုမ္ပဏီ၏ လက်အောက်ခံ Lyocon ကုမ္ပဏီခွဲသည် ရှေ့တန်းစစ်မြေပြင်တွင် အလွယ်တကူသယ်ဆောင်အသုံးပြုနိုင်ပြီး ဒရုန်းများကို လေဆာရောင်ခြည်ဖြင့် ဖျက်ဆီးနိုင်သည့်မျိုးဆက်သစ်လေဆာလက်နက်စနစ်ကို ကနဦးစမ်းသပ်မှုများ အောင်မြင်စွာအဆုံးသတ်နိုင်ခဲ့သည်။ ဤလေဆာလက်နက်သစ်ကို လျင်မြန်စွာ တပ်ဖြန့်အသုံးပြုနိုင်ရန် ရည်ရွယ်၍ အလေးချိန်ပေါ့ပါးစွာ ထုတ်လုပ်ထားသည်။ စစ်သည်များအနေဖြင့် မိမိတို့ ကိုင်ဆောင်ထားသည့် ရိုင်ဖယ်သေနတ်များပေါ်တွင် တပ်ဆင်ကာ စစ်မြေပြင်၌ အားစိုက်ထုတ်စရာမလိုဘဲ အလွယ်တကူ ချိန်ရွယ်ပစ်ခတ်နိုင်သည်။ အဆိုပါစနစ်သည် ဒရုန်းအမျိုးအစားပေါင်းစုံကို နှောင့်ယှက်ဖျက်ဆီးနိုင်ရန်အတွက် လေဆာလှိုင်းအမျိုးမျိုးကို အသုံးပြုထားသည်။ အထူးသဖြင့် အစိမ်းရောင်၊ အပြာရောင်နှင့် အနီအောက်ရောင်ခြည် (Infrared)သုံး လေဆာလှိုင်းများကို ပေါင်းစပ်အသုံးပြုထားသဖြင့် အမျိုးအစားမတူညီသော ဒရုန်းများကို ထိရောက်စွာဟန့်တားနိုင်မည်ဖြစ်သည်။

လေဆာလက်နက်စနစ်သည် ၁ ဝပ် (1 Watt)မှ ၁၀ ဝပ် (10 Watts)ထိ စွမ်းအင်ပမာဏကို လိုအပ်သလို ပြောင်းလဲအသုံးပြုနိုင်ပြီး အဆင့်မြင့် အလင်းလှိုင်း ထိန်းချုပ်မှုစနစ်ကြောင့် အော်ပရေတာများအနေဖြင့် ပစ်မှတ်များထံသို့ စွမ်းအင်ကို တိကျစွာပစ်ခတ်နိုင်သည်။ လေဆာရောင်ခြည်၏ ပျံ့နှံ့မှုကို လိုအပ်သလို ချိန်ညှိနိုင်ခြင်းကြောင့် အနီးကပ်နှင့် အဝေးပစ်မှတ်နှစ်မျိုးစလုံးအတွက် ထိရောက်မှုရှိစေသည်။ ထို့ပြင် ပတ်ဝန်းကျင်အခြေအနေ ပြောင်းလဲမှုများ အပေါ်မူတည်၍ လေဆာရောင်ခြည်ကို တစ်သားတည်းဖြစ်အောင် ထိန်းညှိပေးသည့်စနစ်ပါဝင်သဖြင့် စစ်မြေပြင်တွင် အမြဲတမ်းယုံကြည်စိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါလေဆာလက်နက်စနစ်သည် စစ်သည်များ၊ စစ်ဘက်သုံးယာဉ်များနှင့် အရေးကြီးသော အခြေခံအဆောက်အအုံများကို အစဉ်တစိုက်ပြောင်းလဲတိုးတက်နေသည့် ဒရုန်းခြိမ်းခြောက်မှုများမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ထိုအောင်မြင်မှုသည် တစ်ကမ္ဘာလုံးရှိစစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာ အော်ပရေတာများက ဒရုန်းခြိမ်းခြောက်မှုများကို နှိမ်နင်းရန်အတွက် ကုန်ကျစရိတ်သက်သာသည့်နည်းလမ်းများကို အရှိန်အဟုန်မြင့်ရှာဖွေနေချိန်တွင် Nuburu ကုမ္ပဏီအတွက် ဒရုန်းကာကွယ်ရေးဈေးကွက်အတွင်းသို့ ခိုင်မာစွာဝင်ရောက်နိုင်သည့် မှတ်တိုင်တစ်ခုဖြစ်လာခဲ့သည်။




အဆိုပါ လေဆာလက်နက်စနစ်သည် ကုမ္ပဏီ၏ ပိုမိုကျယ်ပြန့်သော တိုက်ရိုက်စွမ်းအင်လမ်းညွှန်စနစ်ပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ ၎င်းတွင် လေဆာစနစ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးကိရိယာများ၊ AI နည်းပညာသုံးဆော့ဖ်ဝဲလ်များနှင့် စစ်ဗျူဟာမြောက်ပလက်ဖောင်းများကို တစ်ပါတည်း ပေါင်းစပ်ထည့်သွင်းထားသည်။

"အခုလေဆာလက်နက်စနစ်ကို အောင်မြင်စွာ အဆုံးသတ်နိုင်ခြင်းဟာ ကုမ္ပဏီရဲ့ တည်ဆောက်ထားတဲ့နည်းပညာခိုင်မာမှုနဲ့ တီထွင်နိုင်စွမ်းကို သက်သေပြလိုက်တာဖြစ်ပါတယ်။ Lyocon ကုမ္ပဏီရဲ့ ရည်မှန်းချက်ကတော့ စစ်ဆင်ရေးတွေမှာ လိုက်လျောညီထွေ အသုံးပြုနိုင်ပြီး ရန်သူ့ဒရုန်းတွေကို ထိရောက်စွာတုံ့ပြန်နိုင်မဲ့ သေးငယ်ကျစ်လျစ်တဲ့စနစ်တစ်ခုကို ဖန်တီးဖို့ပဲ ဖြစ်ပါတယ်"ဟု Lyocon ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ Paola Zanzola က ပြောကြားခဲ့ကြောင်း သိရသည်။

**US Introduces Rifle-Mounted Laser Weapon to Shut Down Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing attends ceremony to commission new aircraft of Tatmadaw (Air)





Senior General Min Aung Hlaing addresses the ceremony to commission new aircraft of Tatmadaw (Air).

**Nay Pyi Taw March 12**

A ceremony to commission new aircraft was held to enhance the airpower of Tatmadaw (Air) at the local airbase HQ in Meiktila Station this morning, attended by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Present at the ceremony were the Senior General and wife, Daw Kyu Kyu Hla, SSPC Secretary Commander-in-Chief (Army) General Ye Win Oo and wife, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, union ministers, the Mandalay Region chief minister, senior military officers from Office of Commander-in-Chief and wives, the Central Command commander, commanders of airbase HQs, honoured guests, and officers, other ranks and families of Tatmadaw (Air).

Speaking on the occasion, the Senior General said the Tatmadaw is patriotic armed forces, established during the independence struggle. Moreover, it is also the people's armed forces and the Union armed forces, formed with multinational races. It has a vivid history of acting as the people's vanguard in safeguarding the country and people, whenever they faced various kinds of dangers, and the whenever national sovereignty was threatened.

Historical lessons throughout the successive eras have taught the country that it must always develop the strength and power of the Army, Navy and Air Force to effectively defend its land, water and airspace and the national interest, for the Tatmadaw tobe able to protect, strengthen and uplift independence, sovereignty and national prestige and integrity, and for standing tall in the world.

Modern wars and current global crises indicate the vital importance of air and aerospace power in serving the national interest and battle victory. In this regard, all the global countries, whether they are big or small, are improving their airpower to the highest possible degree.

The Tatmadaw (Air) is the most responsible and important force in promoting the airpower of the nation. Only if the country's air power is strong and compact, will it be able to achieve and maintain its air superiority and protect the national interest effectively. Having planes and helicopters alone does not necessarily mean airpower, as it also involves the full possession of a broad array of multiple support systems, numerous repair, maintenance and supply systems and various training systems. Beginning 2011, various kinds of essential resources are being calculated, assessed and supplied for harmonious and all-round development of airpower.

Another essential part is the well-rounded human resources that can fully and effectively use the resources for sharpening the airpower. Hence, soldiers who are competent and can use the resources most effectively must be generated through continuous training programs. Human resources training and generation programs involve all professionals—pilots, other crew members, technicians, administrative supporters.

The Senior General said that every officer, other rank and staff member serving in Tatmadaw (Air) must be valuable human resources who are committed to the national interest and possess a strong sense of patriotism. Only then will they have the strong determination to carry out any assigned duties bravely and conscientiously. The Senior General also urged them to study and understand the history of the nation and the Tatmadaw in order to cultivate patriotism and uphold sound beliefs and convictions, and to seek and acquire knowledge through reading and learning.

A review of the duties carried out since the establishment of Tatmadaw (Air) up to the present shows that it has faithfully fulfilled the responsibilities and tasks assigned by the State and the Tatmadaw. It has been able to provide strong combat support in operations to suppress internal insurgency and counter terrorism, as well as in operations to repel and defeat external aggression. In addition, it has contributed in various ways to national development activities, search and rescue operations during natural disasters, environmental conservation efforts, and anti-narcotics prevention and suppression activities.

The Senior General urged them to sustain and further strengthen the momentum of progress and achievements of Tatmadaw (Air) and to successfully fulfill the various duties assigned by the State and the Tatmadaw. The Senior General also called on them to systematically and skillfully operate and utilize the aircraft, helicopters, weapon systems and airpower resources in their possession, and to demonstrate that Tatmadaw (Air) is a capable and highly proficient force. In addition, the Senior General encouraged them to respect, take pride in and value the good traditions of Tatmadaw (Air) that have been built and preserved up to the present, and to pass on this legacy to future generations.

General Tun Aung explained measures to commission aircraft into service while Chief of Staff (Air) Lt-Gen Tun Win declared the commissioning of aircraft.

General Tun Aung presented a commemorative gift of commissioning aircraft and helicopters to the Senior General.

The demonstration of flying aircraft and helicopters in squadrons followed. In this regard, four transport helicopters showed off skills in demonstration in the diverse composite formations, four different helicopters in the composite formation, one reconnaissance plane and two light helicopters in the composite formation, five training planes in the kite formation, *See Page 13*

# European countries to release oil reserve as Mideast conflict rattles energy markets

**Brussels March 12**

A group of European countries has announced plans to release emergency oil stocks after the International Energy Agency (IEA) recommended a record drawdown from reserves to help calm surging energy prices amid escalating tensions in the Middle East.

IEA Executive Director Fatih Birol said Wednesday that the agency's 32 member countries had unanimously agreed to make 400 million barrels of oil available to the market from their emergency reserves. The move aims to address disruptions in global oil markets caused by the conflict in the Middle East, particularly the effective closure of the Strait of Hormuz, a critical global shipping route for energy and food supplies.

On Feb. 28, Israel and the United States launched joint strikes on Tehran and several other Iranian cities. Iran responded with waves of missile and drone attacks targeting Israeli and U.S. assets in the Middle East. Xinhua





**Senior General Min Aung Hlaing and wife Daw Kyu Kyu Hla view flight demonstration.**

*From Page 12*

one medium-sized transport plane and two fighters in the composite formation, three fighters in the arrow head formation, one fighter in the barrel roll maneuver, one medium-sized transport plane and two multipurposed fighters in the composite formation, three fighters in the arrow head formation, three multipurposed fighters in the arrow head formation, three fighters which flied from the front direction of the view desk in the cross turn maneuver releasing the yellow, white and blue smokes to illustrate the flag of Tatmadaw (Air), and one fighter and one post-fourth generation multipurposed heavy jet fighter in the composite formation as part of saluting the Senior General.

The Senior General and party sprinkled scented water on the commissioned aircraft, viewed round them and posed for documentary photos.

The Senior General cordially greeted the pilots who participated in the flight demonstration and presented cash awards to them. 100

*From Page 14*

Myin Thar Village and Kyar Hnyat Village on February 27; Koe Pin Village and Padi Pyu Village on February 28; Min Kone Village on March 2; Sae Zin Kone Village on March 4; Let Pan Kone Village on March 5; Yay Yin Village on March 7; We Gyi Village and Paw Taw Mu Village on March 8; Ma Gyi Kone Village and Sin Hnyat Kone Village on March 9; Tagaung Junction and Nyaung Lay Pin Village on March 10. Finally, today, on March 12, the military has been able to fully recapture and control Tagaung Town.

While the terrorists were present in Tagaung and its surrounding areas, they utilized religious buildings, schools, departmental offices, and residential homes within the Tagaung ancient cultural zone to construct bunkers using sandbags and tires, from which they attacked Tatmadaw columns. Furthermore, they planted mines between monasteries and houses, as well as on public communication routes, and used local residents as human shields during their attacks, forcing security forces to operate in accordance with the established Rules of Engagement (ROE).

Tatmadaw columns fought valiantly, putting their lives at risk, to recapture Tagaung and its surrounding areas. During the operation period of over one month, 85 large and small clashes occurred with the terrorists. While some security personnel were killed or wounded, 40 various types of weapons, ammunition, grenades, terrorist bodies, and explosive-related materials used in terrorist activities were seized from the insurgents.

Due to the acts of terrorism committed by the PDF terrorists, who are subordinates of the NUG, numerous religious buildings within the ancient cultural zone as well as many buildings in the towns and villages were damaged and destroyed. To ensure that the public is not harmed by the mines planted by these groups, security forces are systematically continuing mine clearance operations across various locations and along the roads.

Tatmadaw columns are making arrangements to continue rehabilitation work as quickly as possible together with local residents, including facilitating the return of displaced people to Tagaung, clearing debris caused by the terrorists, and conducting mine clearance operations.

The Myawady Television team, under the Directorate of Public Relations and Psychological Warfare, proudly announces the news that Tatmadaw has successfully secured Tagaung and its surrounding region and expresses deep respect and gratitude to the frontline officers, non-commissioned officers, and soldiers who fought valiantly to ensure the security of Tagaung and its surrounding areas and to safeguard the socio-economic lives that the local people long for. Similarly, they acknowledge and thank the military family members and supporters who have steadfastly provided necessary support and boosted the morale and fighting spirit of the soldiers currently fulfilling their frontline duties. 100

# Trump sends mixed messages on when strikes on Iran will end

**Washington March 12**

U.S. President Donald Trump said Wednesday the U.S. military operation in Iran is both a war and a short-term "excursion," sending mixed messages on when the strikes will end.

"You just said it is a little excursion and you said it is a war. So, which one is it?" Trump was asked by one of the reporters traveling with him in the U.S. state of Ohio.

"Well, it's both," Trump answered. "It's an excursion that will keep us out of a war, and the war is going to be, I mean for them it's a war."

Addressing House Republicans on Monday, Trump described the military operation against Iran as a "short-term excursion" while later vowing to "go forward more determined than ever to achieve ultimate victory." He has also demanded Iran's "unconditional surrender."

Though Trump said earlier on Wednesday that the U.S.-Israeli war with Iran will end "soon" because there is "practically nothing left to target," Axios reported.

U.S. and Israeli officials said that they are preparing for at least two more weeks of strikes in Iran, and that there has been no internal directive on when such strikes might stop, according to the report.

More than 1,300 civilians have been killed and 9,669 civilian sites destroyed in Iran in U.S.-Israeli strikes since Feb. 28, Amir Saeid Iravani, Iran's ambassador and permanent representative to the United Nations, said Tuesday. Xinhua




**People attend a protest against U.S.-Israeli strikes on Iran in San Francisco, the United States, Feb. 28, 2026.**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tatmadaw columns regain control of Tagaung Town temporarily held by NUG-led PDF terrorists; continue mine clearance and rehabilitation works



Documentary photo of Tatmadaw columns recapturing and taking control of Tagaung Town, which was temporarily held by terrorist insurgents.



Documentary photo of Tatmadaw columns recapturing and taking control of Tagaung Town, which was temporarily held by terrorist insurgents.



Documentary photo of Tatmadaw columns successfully recapturing Sin Hnyat Kone Village, which was temporarily held by terrorist insurgents.



Documentary photo of Tatmadaw columns successfully recapturing Daung Pon Village, which was temporarily held by terrorist insurgents.



Documentary photo of Tatmadaw columns successfully recapturing Ba Nwet Village, which was temporarily held by terrorist insurgents.

**Nay Pyi Taw March 12**

Tatmadaw columns are conducting counter-terrorism operations as the terrorist insurgents under the so-called NUG-led PDF have been intruding into and occupying some towns and villages in Sagaing Region and Mandalay Region to commit violent destructive acts.

While the terrorist insurgents under the so-called NUG-led PDF were temporarily holding sway over Thabeikkyin Town, Tagaung Town, and surrounding areas in Mandalay Region starting from August 2024, they committed violent acts such as burning and destroying homes of local residents, forcibly looting property owned by the people, destroying factories/workshops by planting and detonating mines, committing violent acts by setting up temporary defensive positions within religious buildings in the Tagaung ancient cultural heritage zone, and working to disrupt the government administrative mechanism. Due to these acts, local residents suffered immense hardships and had to abandon their homes, buildings, and possessions to flee to safer areas.

Therefore, Tatmadaw columns carried out necessary preparations and launched phased counter-offensives to regain control of Thabeikkyin Town, which was temporarily held by the terrorist insurgents. On July 23, 2025, the military was able to recapture and control Thabeikkyin Town. On January 20, 2026, the Mandalay-Madaya-Sinku-Thabeikkyin communication route and the Mandalay-Thabeikkyin-Mogok communication routes were able to be reopened under military control, allowing vehicles to travel normally again. This facilitated the easy and rapid flow of goods and trade in the region, leading to the recovery and development of the people's socio-economic lives, including education and health. Consequently, the people take great pride in and are deeply grateful to the military.

As military columns have been able to successively recapture and control areas temporarily held by terrorist insurgents, and the social lives of the public have returned to normal and improved, the people have come to trust and rely on the military, offering enthusiastic support and condemnation against the destructive acts of the terrorists.

For the terrorist insurgents who no longer receive public support, feelings of disappointment and regret over their violent actions have led some to contact nearby military columns and return to the legal fold with their weapons and ammunition. The Tatmadaw has warmly welcomed them.

Continuing these efforts, Tatmadaw columns made necessary preparations and deployments to recapture and control Tagaung Town, which was under the temporary control of terrorist insurgents. They divided into columns to conduct balanced clearance operations against insurgents hiding and moving between Thabeikkyin and Tagaung towns, starting from February 6, 2026. Consequently, the military was able to recapture the following villages successively: Yay Chan Sin Village in Thabeikkyin Township controlled by insurgents on February 13; Shar Taw Village on February 15; Ba Nwet Village on February 17; Daung Pon Village on February 18; Shwe Kyun Pin Village on February 21; Pauk Ta Pin Village on February 22; Thee Kone Village on February 24; War Yone Kone Village on February 25; Shwe Sa Kar Village on February 26; ***See Page 13***



Documentary photo of temporary defensive positions set up by terrorist insurgents inside villages.



Documentary photo of bodies and weapons/ammunition seized from terrorist insurgents.

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ခင်ဦး မတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၁၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၀၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၁၄၁၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ကော ဆီထွက်သီးနှံအနေနဲ့ပါ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းရမည် ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

(၂၀၆)




# ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



ဆင်ပေါင်ဝဲ မတ် ၁၂

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စည်ပင်လှကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင် ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ ရပိုင်ခွင့်များနှင့် တာဝန်များ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၈၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စည်ပင်လှကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ်သိန်း ၄၄၀၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၈၄ သိန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ရန်ပုံငွေကျပ် ၅၈၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

ငြိမ်းသူ(စလင်း)

# မြောင်းမြမြို့နယ်တွင် နွေစပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

မြောင်းမြ မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ရာသီ၌ စပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်းမြမြို့နယ်တွင် စပါးဧက ၁၂၀၆၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ် ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးစိုက်ပျိုးဖို့အတွက် စပါးမစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါအပြင် စပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေသြဇာများ



ကိုလဲ ဆောင်ရွက်ပေးထားပါတယ်။ ဓာတ်မြေသြဇာများကို စိုက်ပျိုးရေးနည်းလမ်းများအတိုင်း အသုံးပြုနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးခဲ့ပါတယ်။ လက်ရှိစပါးတွေ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီရေး အတွက်ကိုလဲ ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# သံတောင်ကြီးမြို့နယ် ဖယ်ဘိုး(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သံတောင်ကြီး မတ် ၁၂

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သံတောင်ကြီးမြို့နယ် ဖယ်ဘိုး(အထက်)ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုး စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ဖယ်ဘိုး(အထက်)ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ အတွက် ငွေကျပ် သိန်း ၃၅၀ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း၊ အဆိုပါ ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယယ်လေး







နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ) လေယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် အတူပေါက်ဖွားလာခဲ့သည့် မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းသားပြည်သူပေါင်းစုံပါဝင်ဖွဲ့စည်းထားသည့် ပြည်သူ့တပ်မတော်၊ ပြည်ထောင်စုတပ်မတော်လည်းဖြစ်ကြောင်း၊ သမိုင်းတစ်လျှောက်တိုင်းပြည်နှင့်လူမျိုးအပေါ် အန္တရာယ်အမျိုးမျိုးကျရောက်လာသည့်အချိန်တိုင်း၊ အချုပ်အခြာအာဏာကို ခြိမ်းခြောက်ထိပါးခံရသည့် အချိန်တိုင်းတွင် တပ်မတော်သည် ပြည်သူရှေ့က မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း။

အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ထိရောက်အောင်မြင်စွာ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များကို အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝထက်မြက်နေအောင် အစဉ်တည်ဆောက် ထိန်းသိမ်းနေရမည်ဖြစ်ကြောင်း၊ တပ်မတော်အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ပြည့်ဝနေမှသာ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နိုင်မည်ဖြစ်ကြောင်းကို ခေတ်အဆက်ဆက်ဖြတ်ကျော်ကြုံတွေ့ခဲ့ရသည့် သမိုင်းအတွေ့အကြုံများက ထင်ထင်ရှားရှားသင်ခန်းစာပေးထောက်ပြလျက်ရှိကြောင်း။

**ခေတ်သစ်စစ်ပွဲများနှင့် လတ်တလောဖြစ်ပွားနေသည့် ကမ္ဘာ့အရေးအခင်းများကို လေ့လာကြည့်ပါက လေကြောင်းနှင့်အာကာသစွမ်းအားသည် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးနှင့် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအဓိကကျအရေးပါသည်ကို တွေ့ရှိရမည်ဖြစ်၊ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မိမိတို့၏လေကြောင်းစွမ်းအားကို တတ်နိုင်သမျှ မြင့်မားကောင်းမွန်အောင် အစဉ်ကြိုးပမ်းနေကြခြင်းဖြစ် . . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်စဉ်။

**ခေတ်သစ်စစ်ပွဲများနှင့် လတ်တလောဖြစ်ပွားနေသည့် ကမ္ဘာ့အရေးအခင်းများကို လေ့လာကြည့်ပါကလေကြောင်းနှင့်အာကာသစွမ်းအားသည် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးနှင့် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအဓိကကျအရေးပါသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မိမိတို့၏လေကြောင်းစွမ်းအားကို တတ်နိုင်သမျှ မြင့်မားကောင်းမွန်အောင် အစဉ်ကြိုးပမ်းနေကြခြင်းဖြစ်ကြောင်း။**

တပ်မတော်(လေ)သည် နိုင်ငံ၏လေကြောင်းစွမ်းအား မြင့်မားကောင်းမွန်စေရန် တာဝန်အရှိဆုံးနှင့် အဓိကအကျဆုံး တပ်ဖွဲ့ဖြစ်ကြောင်း၊ **လေတပ်အင်အားတောင့်တင်းခိုင်မာနေမှသာ လေကြောင်းစိုးမိုးအရေးသာမှုရယူထိန်းသိမ်းနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊** လေကြောင်းစွမ်းအားဆိုသည်မှာ လေယာဉ်၊ ရဟတ်ယာဉ်များရှိနေရုံဖြင့် မလုံလောက်သေးဘဲ အထောက်အကူပြုမည့်စနစ်အမျိုးမျိုး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ဖြည့်တင်းရေးအတွက် စနစ်အမျိုးမျိုး၊ လေ့ကျင့်ရေးစနစ်အမျိုးမျိုး ပြည့်စုံစွာရရှိပိုင်ဆိုင်ထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေကြောင်းစွမ်းအားဟန်ချက်ညီ ဘက်စုံတိုးတက်ကောင်းမွန်စေရေး ၂၀၁၁ ခုနှစ်မှစပြီး အဓိကကျသည့်အရင်းအမြစ်အမျိုးမျိုးကို တွက်ချက်သုံးသပ်ဖြည့်တင်းပေးလျက်ရှိကြောင်း။

**လေကြောင်းစွမ်းအားထက်မြက်ကောင်းမွန်နေရေးအတွက် ကိုင်တွယ်အသုံးပြုသူများက စွမ်းအားပြည့်အသုံးချပြီး ပိုင်ဆိုင်ထားသည့်အရင်းအမြစ်များကိုထိထိရောက်ရောက်အသုံးချနိုင်ရန် အရည်အသွေးအရည်အချင်းပြည့်ဝကောင်းမွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ မဖြစ်မနေလိုအပ်ကြောင်း၊** ကျွမ်းကျင်မှုရှိပြီး အထိရောက်ဆုံးအသုံးချနိုင်မည့် စစ်သည်တော်များ လေ့ကျင့်မွေးထုတ်ရေးအတွက် စဉ်ဆက်မပြတ်စီစဉ်ဆောင်ရွက်သွားရန် အထူးမှာကြားလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးရာတွင် လေသူရဲများ၊ လေယာဉ်သားနှင့်ပညာရှင်များ၊ အုပ်ချုပ်မှုပိုင်းအထောက်အကူပေးရမည့် တာဝန်ရှိသူများ စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအားလုံး အကျုံးဝင်ကြောင်း။

တပ်မတော်(လေ)တွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိ၊ စစ်သည်နှင့် အမှုထမ်းတိုင်းသည် နိုင်ငံ့အကျိုးလိုလားပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် တန်ဖိုးရှိလူသားအရင်းအမြစ်များဖြစ်နေကြရန်လိုအပ်သည်ကိုလည်း ပြောကြားလိုကြောင်း၊ သို့မှသာမည်သို့သော လုပ်ငန်းတာဝန်များကိုမဆို ရဲရဲဝံ့ဝံ့ဖြင့် ကျေကျေပွန်ပွန်ထမ်းဆောင်လိုစိတ် ပြင်းပြနေကြမည်ဖြစ်ကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့်ယုံကြည်ချက်ခံယူချက်မွန်မြတ်ကောင်းမွန်စေရေး နိုင်ငံတော်နှင့် တပ်မတော်ဆိုင်ရာ သမိုင်းကြောင်းများကို သိရှိလေ့လာကြရန်၊ စာပေဗဟုသုတရှာဖွေဆည်းပူးကြရန် တိုက်တွန်းမှာကြား

**“မြန်မာ့မျက်နှာစာသစ်ဖိုရမ်” ဖွင့်ပွဲအခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်**

နေပြည်တော် မတ် ၁၂

“မြန်မာ့မျက်နှာစာသစ်ဖိုရမ်”(ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး) "FORUM ON DAWN OF THE NEW STATE" (Development & Stability)ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၃ ရက်**(ယနေ့)** နံနက် ၈ နာရီခွဲတွင် နေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV-News၊ MRTV-NRC၊ MRTV Sports၊ MRTV-Entertainment၊ MRTV Parliament၊ MITV ၊ MWD HD Channel၊ MWD Variety HD Channel၊ Readers' Channel၊ Sky Net Up to Date၊ Channel 9 ရုပ်သံလိုင်းတို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဇင် FM တို့မှလည်းကောင်း၊MOI Website၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်းတိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**

**လေတပ်အင်အားတောင့်တင်းခိုင်မာနေမှသာ လေကြောင်းစိုးမိုးအရေးသာမှုရယူထိန်းသိမ်းနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်၊ လေကြောင်းစွမ်းအား ထက်မြက်ကောင်းမွန်နေရေးအတွက် ကိုင်တွယ်အသုံးပြုသူများက စွမ်းအားပြည့်အသုံးချပြီး ပိုင်ဆိုင်ထားသည့်အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန် အရည်အသွေးအရည်အချင်းပြည့်ဝကောင်းမွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ မဖြစ်မနေလိုအပ် . . .**

လိုကြောင်း။

တပ်မတော်(လေ) စတင်ဖွဲ့စည်းတည်ထောင်ခဲ့ချိန်မှစပြီး လက်ရှိကာလအထိ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ခဲ့မှုအပေါ် သုံးသပ်စိစစ်ကြည့်ပါက နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်မှုများ၊ ပြည်ပကျူးကျော်မှုတွန်းလှန်ချေမှုန်းရေးစစ်ဆင်မှုများတွင် စွမ်းစွမ်းတမံအထောက်အကူပြုတိုက်ပွဲဝင်နိုင်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင်လည်း နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်အထောက်အကူပြုနိုင်ခဲ့ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

တပ်မတော်(လေ)၏ တိုးတက်အောင်မြင်မှုအရှိန်အဟုန်များကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပြီး နိုင်ငံတော်နှင့်တပ်မတော်က ပေးအပ်သည့် တာဝန်အမျိုးမျိုးကို အောင်မြင်ကျေပွန်စွာထမ်းဆောင်သွားကြရန်၊ ရရှိပိုင်ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်နှင့် လက်နက်စနစ်များ၊ လေကြောင်းစွမ်းအားအရင်းအမြစ်များကို စနစ်တကျကျွမ်းကျင်ပိုင်နိုင်စွာကိုယ်တွယ်အသုံးပြုပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်(လေ)ဖြစ်ကြောင်း သက်သေပြကြရန်၊ ယနေ့ထိ တည်ဆောက်ထိန်းသိမ်းလာသည့် တပ်မတော်(လေ)၏ အစဉ်အလာကောင်းများကို လေးစားဂုဏ်ယူတန်ဖိုးထားပြီး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းကောင်းမွေပေးအပ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်များ တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းက လေယာဉ်များကို တပ်တော်ဝင်အဖြစ် ကြေညာသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြ အုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းကို ဆောင်ရွက်ရာ ဦးစွာအချိန်ကိုက်ပျံသန်းအလေးပြုခြင်းအစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် လေးစင်းတို့က အမျိုးအစားမတူညီသည့် Composite Formation အုပ်ဖွဲ့ဖြင့်လည်းကောင်း၊ အမျိုးအစားမတူညီသည့် ရဟတ်ယာဉ် ငါးစင်းတို့က Composite Formation အုပ်ဖွဲ့ဖြင့်လည်းကောင်း၊ကင်းထောက်လေယာဉ် တစ်စင်းနှင့် အပေ့ါစားရဟတ်ယာဉ် နှစ်စင်းတို့က Composite Formation ဖြင့်လည်းကောင်း၊ အမောင်းသင်လေယာဉ် ငါးစင်းတို့က Kite Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် တိုက်လေယာဉ် နှစ်စင်းတို့က Composite Formation ဖြင့်လည်းကောင်း၊ တိုက်လေယာဉ် သုံးစင်းက Arrow Head Formation ဖြင့် အုပ်ဖွဲ့ပျံသန်းပြီး တိုက်လေယာဉ် တစ်စင်းက Barrel Roll Maneuver ဖြင့် သရုပ်ပြပျံသန်း၍လည်းကောင်း၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် ဘက်စုံသုံးတိုက်လေယာဉ် နှစ်စင်းတို့က Composite Formation ဖြင့်လည်းကောင်း၊ တိုက်လေယာဉ် သုံးစင်းတို့က Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ ဘက်စုံသုံးတိုက်လေယာဉ် သုံးစင်းတို့က Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ တိုက်လေယာဉ် သုံးစင်းတို့က ရှုရပ်၏ရှေ့တည့်တည့်မှ ပျံသန်းဝင်ရောက်ကာ တပ်မတော်(လေ) အလံကိုယ်စားပြုအဝါရောင်၊ အဖြူရောင်နှင့် အပြာရောင်မီးခိုးများ ထုတ်လွှတ်ပြီး Cross Turn Maneuver ဖြင့် ပျံသန်း၍လည်းကောင်း၊ တိုက်လေယာဉ် တစ်စင်းနှင့် စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံး အကြီးစားဂျက်တိုက် လေယာဉ် တစ်စင်းတို့က Composite Formation ဖြင့် ပျံသန်းပြီး မီးကျည်များပစ်လွှတ်၍ လည်းကောင်း နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး တပ်တော်ဝင်လေယာဉ်များကို လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သောလေသူရဲများကို ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်(လေ)မှ တပ်တော်ဝင်ခဲ့သည့် လေယာဉ်များကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၆) ကျင်းပ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၆) မှတ်တမ်းကို အတည်ပြုခြင်း ဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီး၍ တတိယအကြိမ် လွှတ်တော်ခေါ်ယူထားပြီးဖြစ်ကြောင်း၊ လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့်အတူ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန်ထမ်းဆောင်နိုင်ရန် စနစ်တကျလွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာ့မျက်နှာစာသစ်ဖိုရမ်ကို မတ် ၁၃ ရက်မှ ၁၄ ရက်ထိ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါဖိုရမ်ကို ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အမြင်ကျယ်ကျယ်ဖြင့်ရှုမြင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အတွေးအမြင်သစ်၊ အခင်းအကျင်းသစ်တို့ဖြင့် ကြိုတင်သိမြင်ပြီး နိုင်ငံ့အကျိုး ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှု ဖြစ်စဉ်များတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကိုရင်ဆိုင်ဖြေရှင်းခဲ့ရသကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံအတွင်းသို့ တရားမဝင်အွန်လိုင်း လိမ်လည်လောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်သူများသည် တစ်ဖက်နိုင်ငံများမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် တရားမဝင် ဝင်ရောက်လာကြသည်များရှိကြောင်း၊ ထိုသို့ နယ်စပ်ဖြတ်ကျော်၍ တရားမဝင်ရောက်ရှိလာကြသူများကိုလည်း လမ်းကြောင်းတစ်လျှောက် စနစ်တကျစစ်ဆေး၍ ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထား၍ ကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

နိုင်ငံတော်တွင် **"စားရေရိက္ခာဖူလုံပိုလျှံရေး"** ကို နိုင်ငံတော်အကြီးအကဲက အမျိုးသားရေး ရည်မှန်းချက်အဖြစ်ချမှတ်ထားပြီး စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ (Agro-based Industrialization) ပေါ်ထွန်းလာရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် သီးထပ်စွမ်းအား ရာနှုန်းပြည့်ရရှိရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသန္တရ ကြက်၊ ဝက်၊ နွားများကို မိရိုးဖလာနည်းဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် ပမာဏတိုး၍ မွေးမြူသွားပါက ဒေသ၏စားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများကိုလည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် အသုံးပြုကြရမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ အရည်အသွေးမီထုတ်လုပ်ရရှိနိုင်ရန်နှင့် လုပ်ငန်းများကို ပိုမိုမြင့်မားစွာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ MSME လုပ်ငန်းများ နိုင်ငံတကာဈေးကွက်သို့ ယခုထက် ပိုမိုချိတ်ဆက်ရောင်းချနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာ၌ အောင်မြင်လျက်ရှိပြီး စီးပွားရေးတိုးတက်မှု ရာခိုင်နှုန်းများလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံ့စီးပွားရေးအပြင် ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ အခြေခံပညာအတန်းများအလိုက် တန်းစဉ်ကူးပြောင်းမှုများ စနစ်တကျရှိစေရေးနှင့် ကျောင်းများရာနှုန်းပြည့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက လုပ်ငန်းခွင်အထောက်အကူပြု ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ၏ သင်ကြားရေးပိုင်းဆိုင်ရာ နည်းစနစ်များ(Teaching Method) ကိုလည်း ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ပုဂ္ဂလိကပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့်အတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်အကြီးအကဲက **"လူ့အသက်ထက်အရေးကြီးတာဘာမျှမရှိ"** ဆိုသည့် မူဝါဒကို ချမှတ်ပေးထားသည့်အတွက် ပြည်သူများ၏ မျှော်မှန်းသက်တမ်းများ မြင့်မားလာစေရန်နှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ခေတ်နှင့်အညီ ရောဂါရှာဖွေရေးနည်းစနစ်များ၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ မြို့ရွာတိုင်းတွင် စိမ်းလန်းသောနယ်မြေ (Green Zone Area) များကို မဖြစ်မနေသတ်မှတ်ဖော်ဆောင်ခြင်း၊ သစ်တောများပြုန်းတီးမှု မရှိစေရေးအတွက် အလေးထားဆောင်ရွက်ခြင်းနှင့် မြေပေါ်မြေအောက်သယံဇာတများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဌာနအလိုက် လုပ်ငန်းစီမံကိန်းများ လျာထားဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေး၊ အရည်အသွေး ပြည့်ဝစေရေး၊ အလေအလွင့်မရှိစေရေး၊ ပြည်သူလူထုအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေးနှင့် အမှန်တကယ်အကျိုးရှိပြီး ထိရောက်မှု ရှိ၊ မရှိစသည့် အချက်များကိုလည်း အဓိကထားစစ်ဆေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးရလဒ်ကောင်းများရရှိစေမည့် အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်နေသည့် အရှေ့အလယ်ပိုင်း ပင်လယ်ကွေ့ပဋိပက္ခကြောင့် ကမ္ဘာ့လောင်စာဆီ အကျပ်အတည်းကာလကို ကျော်လွှားနိုင်ရန် စက်သုံးဆီ ချွေတာသုံးစွဲရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူသို့ အသိပေးကြေညာချက် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါထုတ်ပြန်ချက်နှင့်အညီ စည်းကမ်းတကျဖြစ်စေရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ကူညီကြပ်မတ် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း။

ယခင်နှစ် သင်္ကြန်ပွဲတော်ကို သဘာဝဘေးဒဏ်ကြောင့် သာမန်မျှသာဖြတ်သန်းခဲ့ကြရကြောင်း၊ ယခုနှစ်သင်္ကြန်ကို စည်စည်ကားကားဖြင့် ရိုးရာသင်္ကြန် ကျင်းပနိုင်ရေးအတွက် ရည်ရွယ်ထားရှိကြောင်း၊ ယခုချိန်တွင် အခြေအနေ အချိန်အခါနှင့်ကိုက်ညီသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေးစီစဉ်ဆောင်ရွက်နိုင်ပါကြောင်း။

ယခုအခါ နွေဦးရာသီသို့ရောက်ရှိလာပြီဖြစ်၍ ပြည်သူလူထုအတွင်း မီးလောင်မှုမဖြစ်ပွားစေရေးအတွက် သတိမူရေးနှင့် မီးဘေးကာကွယ်ရေးပစ္စည်းများကို စက်ရုံလုပ်ငန်း၊ ရုံး၊ ဈေးအပြင် အိမ်ရာရပ်ကွက်များတွင်လည်း စနစ်တကျထားရှိလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စိမ့်ဝင်ပျံ့နှံ့စေရေးတို့အတွက် နိုင်ငံပိုင် ရုပ်သံမီဒီယာ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် လှုံ့ဆော်အသိပညာပေးရေး အစီအစဉ်များကိုလည်း သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများကို ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အများပြည်သူသို့ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦး မှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက်နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ရက်နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

## အခန်း (၈)
## စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငွေကြေးခဝါချမှုကို စုံစမ်းစစ်ဆေးရာတွင်-

(က) ငွေကြေးခဝါချမှုကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသူကို အရေးယူနိုင်ရေးအတွက် သက်သေအထောက်အထားများရရှိရန် လိုအပ်သော စုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံမှ လိုအပ်သောသတင်းအချက်အလက်များ ရယူနိုင်သည်။

(ဂ) အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းကို စုံစမ်းဖော်ထုတ်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊

(၂) သက်သေခံပစ္စည်းအား ချိပ်ပိတ်ခြင်း၊ အခြားနည်းလမ်းတစ်ခုခုဖြင့် စီမံခန့်ခွဲမှု သို့မဟုတ် ဆက်နွှယ်ပတ်သက်မှုမပြုလုပ်ရန် တားမြစ်ပိတ်ပင်ခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းထံမှ ငွေရေးကြေးရေးနှင့် စပ်ဆိုင်သောမှတ်တမ်းများကို တောင်းခံရယူခြင်း၊

(၄) နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်ရှိသည့် ပစ္စည်းများအား နိုင်ငံတော်ကထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ပြန်လည်ရယူခြင်းတို့ဆောင်ရွက်သည့်အခါတွင် ထိခိုက်ဟန့်တားမှုမဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်မှုများ ဆောင်ရွက်ခြင်း၊

(၅) ပြစ်မှုကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်းရှိသူအား ဖမ်းဆီးခြင်း၊

(၆) စုံစမ်းစစ်ဆေးရေးဆောင်ရွက်ချက်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) ပုဒ်မခွဲ (ဂ)အရ သိမ်းဆည်းခဲ့သည့် ငွေကြေး သို့မဟုတ် ပစ္စည်းများကို သတ်မှတ်ထားသည့် အဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်ရမည့်အပြင် ပျက်စီးဆုံးရှုံးနိုင်ဖွယ်ရှိသည့် ပစ္စည်းများကို စုံစမ်းစစ်ဆေးမှုကာလအတွင်း တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

(င) သဘောရိုးဖြင့်ဆောင်ရွက်သည့် တတိယပုဂ္ဂိုလ်နှင့် အခြားကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများ၏ အခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်းမရှိစေရန် ကျင့်သုံးဆောင်ရွက်ရမည်။

၂၃။ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများနှင့် ငွေကြေးခဝါချမှုအား စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် အောက်ပါငွေကြေးနှင့် ပစ္စည်းများကို စစ်ဆေးဖော်ထုတ်ရမည်-

(က) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ ကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များ၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် အသုံးပြုပစ္စည်းများ၊

(ဂ) အဆိုပါငွေကြေး၊ ပစ္စည်း သို့မဟုတ် မူရင်းအကျိုးအမြတ်များကိုဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေသည့် သက်သေခံအထောက်အထားများ၊

(ဃ) ခဝါချထားသည့် ငွေကြေးများနှင့် ပစ္စည်းများ၊

(င) ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများအား စုံစမ်းဖော်ထုတ်ပြီးချိန်တွင် ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းမပြုနိုင်ပါက တန်ဖိုးတူပစ္စည်းများ။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငွေကြေးခဝါချမှုကို စုံစမ်းစစ်ဆေးရာတွင် အောက်ပါကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ရယူဆောင်ရွက်နိုင်သည်-

(က) ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့် ဆာဗာများအား ဝင်ရောက်ကြည့်ရှုခြင်း၊

(ခ) တယ်လီဖုန်းလိုင်းများ၊ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ်ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေး အထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင် ထားရှိခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်နားထောင်ခွင့်၊ ဖမ်းယူခွင့်၊ ဖြတ်တောက်ခွင့်၊ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်သလို အသုံးပြုခွင့် ကျင့်သုံးခြင်း၊

(ဂ) လှုပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန်ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခြင်း၊

(ဃ) အသွင်ယူစုံစမ်းစစ်ဆေးခြင်း၊

(င) ထိန်းချုပ်ဖော်ထုတ်ခြင်း။

## အခန်း (၉)
## ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်

၂၅။ သတင်းပို့အဖွဲ့အစည်းသည် မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိသည့် အမည် သို့မဟုတ် အက္ခရာများကို အသုံးပြုခြင်း၊ ခွဲခြားသိရှိနိုင်ခြင်းမရှိသည့် သို့မဟုတ် ဖန်တီးထားသည့် အမည်သို့မဟုတ်မမှန်ကန်သည့်အမည်ကို အသုံးပြုထားသည့် ငွေစာရင်းများကို ဖွင့်လှစ်ပေးခြင်း၊ လက်ခံခြင်း သို့မဟုတ် ထိန်းသိမ်းဆောင်ရွက်ပေးခြင်းမပြုရ။

၂၆။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်။ အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့် မည်သည့်သက်သေခံအထောက်အထားနှင့် သတင်းအချက်အလက်များကိုမဆို စာဖြင့်ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက အသုံးပြုနိုင်ရေး အသင့်ရှိရမည်။

၂၇။ သတင်းပို့အဖွဲ့အစည်းသည်-

(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် ငွေစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများနှင့် ပတ်သက်၍ ဤဥပဒေအရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ပထဝီအနေအထား၊ ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ် အခြေပြု၍ သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်ရမည်။ ပုဒ်မ ၇(စ)အရ ပေးပို့၍ရရှိသော သတင်းအချက်အလက်များရရှိပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(၁) အကဲဖြတ်ချက်အရငွေကြေးခဝါချမှုအန္တရာယ်အဆင့်မြင့်မားသည်ဟုဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသောဆောင်ရွက်မှုများသည် ပုံမှန် ဟုတ် မဟုတ်ကိုလည်းကောင်း၊ သံသယဖြစ်ဖွယ် ရှိ မရှိကိုလည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ် အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်မှုကို ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်း၊ ငွေကြေးခဝါချမှုအန္တရာယ်အဆင့် အလယ်အလတ်ဖြစ်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ အလေးထားစိစစ်မှုကို စံနှုန်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(၃) ပုဒ်မခွဲငယ်(၂)အရ ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ အန္တရာယ်အဆင့်မြင့်မားသည့် ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှရပ်စဲခြင်း၊

(၄) ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force– FATF) မှ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားခြင်းနှင့် အခြားစောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများ (High–risk and other monitored jurisdictions) စာရင်းတွင်ပါရှိသည့် နိုင်ငံနှင့်ဒေသများမှ ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုများ ပြုလုပ်သည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့မှ တိုးမြှင့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်းပြုလုပ်ပါက ဆုံးရှုံးနိုင်ခြေအန္တရာယ်နှင့်အညီ အချိုးညီထိရောက်သည့် ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(၅) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ခြင်းနှင့် ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ရေးအာဏာပိုင်က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအချိန်အခါနှင့် အခြေအနေများတွင် ဆောင်ရွက်ရမည်-

(၁) ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် မပြုလုပ်ပေးမီ သို့မဟုတ် ငွေစာရင်းတစ်ခုဖွင့်လှစ်ပေးခြင်းမပြုမီ သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ရပ် မထူထောင်မီ၊

(၂) သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးနှင့်ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ၊ ဆက်နွှယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ သတင်းပို့ရန်သတ်မှတ်သည့် တန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ပိုသော တန်ဖိုးပမာဏဖြစ်သည့်အခါ အဆိုပါဆက်သွယ်ဆောင်ရွက်သူအတွက် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၃) ပြည်တွင်းနှင့် နိုင်ငံတကာငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဆက်သွယ်ဆောင်ရွက်သူအတွက် ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၄) ယခင်ရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိလျှင်၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည်ဟု သံသယရှိလျှင်။

(ဂ) ပုဒ်မခွဲ(ခ)တွင် ရည်ညွှန်းထားသည့် ဆက်နွှယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့်အချိန်တွင် သတ်မှတ်တန်ဖိုးပမာဏ သို့မဟုတ် သတ်မှတ်တန်ဖိုးပမာဏထက် ကျော်လွန်ကြောင်းကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါပမာဏကို သိရှိလျှင်သိရှိချင်း သို့မဟုတ် အဆိုပါတန်ဖိုးပမာဏသည် သတ်မှတ်ပမာဏသို့ရောက်ရှိလျှင် ရောက်ရှိချင်း ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ(က)အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) လွတ်လပ်၍ ယုံကြည်အားထားရသော ဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်သူအား စိစစ်အတည်ပြုခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ သက်သေခံအထောက်အထားကို အတည်ပြုခြင်း၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းအနေဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်၍ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး စိစစ်အတည်ပြုနိုင်မည့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ကို အတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါအကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ သက်သေခံအထောက်အထားကို စိစစ်ရန်အလို့ငှာ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

(၄) ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအတွက် ဆက်သွယ်ဆောင်ရွက်သူကိုယ်စား ဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ် မဟုတ် စိစစ်ခြင်းနှင့် ယင်း၏မှတ်ပုံတင်ကို မှန်ကန်ကြောင်းအတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ်ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု၏ တရားဝင်တည်ရှိမှုအခြေအနေအား စိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏ အမည်၊ တရားဝင် ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များ(Conditions) သတ်မှတ်ခြင်း။

(င) ပုဒ်မခွဲ(ဃ)ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁)၊ (၂)နှင့် (၃)တို့အရ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြု၍ ယင်းအခြေအနေကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များအား ထိရောက်စွာ စီမံခန့်ခွဲပြီးကြောင်း သက်သေထင်ရှားပြသနိုင်ပြီး ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ သက်သေခံအထောက်အထားများအား စိစစ်ခြင်းကြောင့်ဖြစ်ပေါ်သည့် နှောင့်နှေးမှုသည် ပုံမှန်စီးပွားဆက်ဆံမှုကို အဆက်ပြတ်စေသည့် အဓိကအကြောင်းအရင်းဖြစ်ပါက အဆိုပါပုံမှန်စီးပွားဆက်ဆံဆောင်ရွက်မှု ပြီးလျှင်ပြီးချင်း စိစစ်မှုကို ဆောလျင်စွာ ပြီးစီးအောင်ဆောင်ရွက်ရမည်။

၂၈။ သတင်းပို့အဖွဲ့အစည်းသည် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုချင်းအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ ထို့ပြင် လွှဲပြောင်းဆောင်ရွက်မှုများသည် ဆက်သွယ်ဆောင်ရွက်သူအပေါ် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်း၏ သိရှိနားလည်မှု၊ ၎င်း၏စီးပွားရေးလုပ်ငန်းနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်အတန်းနှင့် ကိုက်ညီမှု ရှိ မရှိအား သေချာစွာစိစစ်ရမည်။ လိုအပ်ပါက ၎င်းတို့၏ ငွေကြေးအရင်းအမြစ်ကိုလည်း စိစစ်ရမည်။

၂၉။ သတင်းပို့အဖွဲ့အစည်းသည်-

(က) အောက်ပါဆောင်ရွက်ချက်များကို တစ်ခုချင်းအလိုက် အထူးအလေးထားစောင့်ကြည့်စစ်ဆေးရမည်-

(၁) စီးပွားရေးလုပ်ငန်းအရင်းခံ ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်း ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော တန်ဖိုးပမာဏများပြားသည့် လွှဲပြောင်းဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သောပုံစံဖြင့် လွှဲပြောင်းသည့် ဆောင်ရွက်မှုများအားလုံး၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုအားလုံး။

(ခ) ပုဒ်မခွဲ(က)ပါ ဆောင်ရွက်မှုအားလုံး၏ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်သိရှိရပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

၃၀။ သတင်းပို့အဖွဲ့အစည်းသည် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးအား ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် ပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့်စီမံခန့်ခွဲမှုစနစ်ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြည်ပတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍-

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကိုဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

(ခ) ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူများ၊ အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများနှင့် စပ်လျဉ်း၍ အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ(က)ပါအရေးယူဆောင်ရွက်မှုများကို ကျင့်သုံးခြင်း၊

(ဂ) အသက်အာမခံပေါ်လစီများနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ (Beneficiaries)နှင့် လိုအပ်ပါက အာမခံထားသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်(Beneficial Owner) တို့သည် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်သည့် ဆောင်ရွက်မှုများကို အနိမ့်ဆုံးအနေဖြင့် ငွေထုတ်ပေးချိန်တွင် ဆောင်ရွက်ရမည်။ အကယ်၍ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်မြင့်မားကြောင်း တွေ့ရှိရပါက-

(၁) အသက်အာမခံအကျိုးအမြတ်များကို ထုတ်ပေးခြင်းမပြုမီ အကြီးတန်းစီမံခန့်ခွဲသူထံ သတင်းပို့ရမည်။

(၂) အသက်အာမခံပေါ်လစီအား ပိုင်ဆိုင်သူနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုလုံးအပေါ် အလေးထားစိစစ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်။

(၃) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သံသယဖြစ်ဖွယ်သတင်းပို့ချက် ပေးပို့ရမည်။

၃၁။ သတင်းပို့အဖွဲ့အစည်းသည် အောက်ပါသတင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့် အရေးပါသည့်သတင်းအချက်အလက်များကို ပေးပို့နိုင်စေရန် အဆင်သင့်ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုချင်းစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံလုံလောက်မှုရှိရမည်-

(က) စီးပွားဆက်ဆံဆောင်ရွက်မှုရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါလွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ ငါးနှစ်အထိ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ ငွေစာရင်းမှတ်တမ်းများနှင့် စီးပွားရေးဆိုင်ရာ စာအဆက်အသွယ်များအပါအဝင် သက်သေခံအထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းမှတစ်ဆင့် ရရှိထားသော မှတ်တမ်းမှတ်ရာများ၊ စိစစ်ခြင်းမှရရှိသည့် စာရွက်စာတမ်းများနှင့် မည်သည့်ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းမှမဆို ရရှိသည့်ရလဒ်များ၊

(ခ) ပြည်တွင်းပြည်ပ လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှနောက်ထပ် ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာ မှတ်တမ်းများ၊

(ဂ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့တင်ပြခဲ့မှု အနည်းဆုံးငါးနှစ်ကြာပြီဖြစ်သည့် ဤအခန်း ၉ အရ လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှုပြီးဆုံးချိန် သို့မဟုတ် နောက်ဆုံးမွမ်းမံပြင်ဆင်သည့်အချိန် ငါးနှစ်ကျော်လွန်သည့် အန္တရာယ်အဆင့်အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၃၂။ (က) သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ (၂)နှင့် (၃)တို့အရ ဖော်ပြထားသော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အောက်ပါအချက်များကို ဆောင်ရွက်နိုင်စွမ်းရှိသော ကြားခံပုဂ္ဂိုလ်ကိုအားထား၍ ဆောင်ရွက်နိုင်သည်-

(၁) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဃ)အရ လိုအပ်သည့် သတင်းအချက်အလက်များကို ချက်ချင်းရယူခြင်း၊

(၂) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဃ)အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားနှင့် အခြားအထောက်အထားများ၏ မိတ္တူကိုတောင်းဆိုချက်အရ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) အဆိုပါကြားခံပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအပေါ် စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကြပ်မတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းများထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်း ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် အရေးယူဆောင်ရွက်မှုများ ချမှတ်ထားရှိပြီးဖြစ်ကြောင်း ကျေနပ်ဖွယ်ဖြစ်သည်အထိ ဆောင်ရွက်ထားနိုင်ခြင်း။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် စိစစ်အတည်ပြုခြင်းများသည် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်း၏ တာဝန်သာဖြစ်သည်။

၃၃။ သတင်းပို့အဖွဲ့အစည်းသည် ဝန်ဆောင်မှုပေးသည့် နည်းလမ်းသစ်များ(new delivery mechanisms) အပါအဝင် ထုတ်ကုန်အသစ်များ (new products)နှင့် စီးပွားရေးလုပ်ငန်းအသစ် (new business practices)များအတွက်လည်းကောင်း၊ ထုတ်ကုန်အသစ်များနှင့် ရှိရင်းစွဲထုတ်ကုန်များအတွက် နည်းပညာအသစ် သို့မဟုတ် နည်းပညာအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ယင်းတို့ကို စတင်အသုံးပြုခြင်းမပြုမီ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့်ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရမည်။

၃၄။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် အလားတူ အခြားဆက်ဆံဆောင်ရွက်မှုများမပြုလုပ်မီ ပုဒ်မ ၂၇ ပြဋ္ဌာန်းချက်ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်း ဆောင်ရွက်ရမည်-

(က) မိမိနှင့် စီးပွားဆက်ဆံဆောင်ရွက်သော နိုင်ငံရပ်ခြားမှ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းသဘောသဘာဝကို နားလည်သဘောပေါက်စေရန်၊ ၎င်း၏ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရမှု သို့မဟုတ် အရေးယူခြင်းခံခဲ့ရမှု ရှိ မရှိကို ဆုံးဖြတ်နိုင်ရန်အတွက် လုံလောက်မှုရှိသောသတင်းအချက်အလက်များနှင့် ကြီးကြပ်မှုအရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရယူခြင်း၊

(ခ) အဆက်အသွယ်ဘဏ်လုပ်ငန်းအသစ်မစတင်မီ အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

(ဂ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှုကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားအသီးသီးကို ရှင်းလင်းစွာ နားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်း၊

(င) ပေးချေမှုအတွက် တစ်ဆင့်အသုံးပြုသော ဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လက်ခံဆောင်ရွက်သည့် ဘဏ်၏ဆက်သွယ်ဆောင်ရွက်သူများက မိမိတို့၏ ငွေစာရင်းများကို တိုက်ရိုက်ရယူအသုံးပြုကြောင်းနှင့် အဆိုပါလက်ခံဆောင်ရွက်သည့် ဘဏ်အနေဖြင့် မိမိကတောင်းဆိုသည့်အခါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်နိုင်စွမ်းရှိကြောင်း ကျေနပ်လက်ခံမှုရှိသည်အထိ ဆောင်ရွက်ထားရှိခြင်း။

၃၅။ (က) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေပေးချေခြင်း၊ ငွေလွှဲခြင်း သို့မဟုတ် တန်ဖိုးတူလွှဲပြောင်းပေးပို့ချက်များနှင့် ၎င်းတို့နှင့်ဆက်စပ်မှုရှိသည့် လုပ်ငန်းများအတွက် ငွေလွှဲသူနှင့် ငွေလက်ခံသူတို့၏ အချက်အလက်များအား တိကျစွာ ရယူထားရမည်ဖြစ်သည်။ အဆိုပါသတင်းအချက်အလက်များသည် ငွေပေးချေမှုကွင်းဆက်တစ်လျှောက်လုံးတွင် ယင်းငွေလွှဲခြင်း သို့မဟုတ် ဆက်စပ်မှုရှိသည့် အမှာစာများနှင့်အတူ ဆက်လက်တည်ရှိနေစေရန် သေချာအောင် ဆောင်ရွက်ထားရှိရမည်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ ငွေကြေးလွှဲပြောင်းဆောင်ရွက်ခြင်းအတွက် ထပ်လောင်းဆောင်ရွက်ရမည့်အချက်များကို ညွှန်ကြားချက်ထုတ်ပြန်ရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် အောက်ပါတို့နှင့်သက်ဆိုင်ခြင်း မရှိစေရ-

(၁) အရောင်းအဝယ်နှင့်သက်ဆိုင်သည့် လွှဲပြောင်းဆောင်ရွက်မှုတိုင်းနှင့်အတူ အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များ၏နံပါတ်များပါရှိရန် စီစဉ်ဆောင်ရွက်ထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရန်အတွက် အကြွေးဝယ်ကတ်၊ မြီစားကတ်၊ ကြိုတင်ငွေဖြည့်ကတ် သို့မဟုတ် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြု၍ ဆောင်ရွက်သည့် အရောင်းအဝယ်ဆိုင်ရာ လွှဲပြောင်းဆောင်ရွက်မှု၊

(၂) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကိုယ်စား ဆောင်ရွက်သည့် ကနဦးလွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တို့သည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ပါက ယင်းငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ဆောင်ရွက်သည့်လွှဲပြောင်းမှု။

(ဃ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)တွင် ဖော်ပြထားသောခြွင်းချက်သည် ပုဂ္ဂိုလ်တစ်ဦးမှ ပုဂ္ဂိုလ်တစ်ဦးထံသို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲခြင်းဟု အဓိပ္ပာယ်သက်ရောက်မှုရှိသော ငွေပေးချေမှုစနစ်တစ်ရပ်အနေဖြင့် အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များကို အသုံးပြုခြင်းများနှင့် သက်ဆိုင်မှုမရှိစေရ။ ထိုကဲ့သို့သောဖြစ်စဉ်မျိုးတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားချက်များကို လိုက်နာကျင့်သုံးရမည်။

၃၆။ သတင်းပို့အဖွဲ့အစည်းသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်နှင့် မိမိတို့၏ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုအန္တရာယ်များကို လျှော့ပါးစေရေးအတွက် ထိရောက်စွာစီမံခန့်ခွဲရန် အောက်ပါအချက်များပါဝင်သော ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန် နည်းစနစ်များကို သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ပြုလုပ်ရမည်။ ထို့ပြင်လိုအပ်ပါက စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်-

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ် အလေးထားစိစစ်ခြင်း လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန်တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ၊

(၂) ဝန်ထမ်းများ စတင်ခန့်ထားရာတွင် အသုံးပြုမည့် စိစစ်ခြင်းလုပ်ထုံးလုပ်နည်းများအပါအဝင် မိမိဝန်ထမ်းများ၏ ဂုဏ်သိက္ခာအဆင့်အတန်းမြင့်မားစေရန် ကြီးကြပ်သည့်လုပ်ထုံးလုပ်နည်းများနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေး နောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန် နည်းစနစ်များ၊

(၃) မိမိနှင့် ဆက်သွယ်ဆောင်ရွက်သူကို သိရှိခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အထူးတာဝန်ဝတ္တရားများနှင့် အခန်း ၉ ပါ သတင်းပို့ရန် လိုအပ်သည့် လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများက အကူအညီပေးနိုင်ရန် စဉ်ဆက်မပြတ် လေ့ကျင့်ရေးအစီအစဉ်များ၊

(၄) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူဆောင်ရွက်မှုများ၏ထိရောက်မှုကိုစစ်ဆေးရန်လွတ်လပ်သောစစ်ဆေးရေးလုပ်ငန်းစဉ်များ။

(ခ) အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိတစ်ဦးအား ခန့်အပ်ထားရှိရမည်။

(ဂ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)အရ အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများ၏ ပမာဏ၊ ဆက်သွယ်ဆောင်ရွက်သူများ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးသည့် နည်းလမ်းများနှင့် အတိုင်းအတာ၊ အဆိုပါ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်နိုင်ငံများနှင့် ပထဝီဝင်အနေအထားစသည့်အချက်များကို ထည့်သွင်းသုံးသပ်ရမည်။ ငွေလွှဲပေးပို့သူနှင့် အကျိုးခံစားခွင့်ရှိသူ၏ သတင်းအချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပေးချေမှုများနှင့် တန်ဖိုးတူလွှဲပြောင်းပေးပို့မှုများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲရမည့်အပြင် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများလည်း ဆောင်ရွက်ရမည်။

(ဃ) အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်-

(၁) သတ်မှတ်ထားသည့် ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန် နည်းစနစ်များကို နိုင်ငံရပ်ခြားလုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများအပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးစေခြင်း၊

(၂) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အားဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် စီမံခန့်ခွဲခြင်းတို့ကိုဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှု လုံခြုံရေးနှင့် အသုံးပြုရေး လုပ်ထုံးလုပ်နည်းများအပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ထုံးလုပ်နည်းများ ထားရှိစေခြင်း။

၃၇။ သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်ထားသည့်အရာရှိအား အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းရမည်-

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊

(ခ) သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၃၈။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်လျှင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ချက်ချင်းသတင်းပို့ရမည်။

၃၉။ သတင်းပို့အဖွဲ့အစည်းသည် မည်သည့်လွှဲပြောင်းဆောင်ရွက်မှု၊ ငွေကြေး သို့မဟုတ် ပစ္စည်းမဆို ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များဖြစ်သည် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် အကြမ်းဖက်လုပ်ရပ် သို့မဟုတ် အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့နှင့်ဆက်နွှယ်ပတ်သက်သည် သို့မဟုတ် ချိတ်ဆက်မှုရှိသည် သို့မဟုတ် ယင်းတို့အတွက် အသုံးပြုရန်ရှိသည်ဟု သံသယဖြစ်လျှင် သို့မဟုတ် သံသယဖြစ်ရန် ကျိုးကြောင်းခိုင်လုံသည့် အကြောင်းရင်းခံများရှိလျှင် သံသယဖြစ်မှုကိုတင်ပြရန် အစီရင်ခံစာကိုပြုစုပြီးနောက် သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုအစီရင်ခံစာကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ယင်းအဖွဲ့က သတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းများနှင့်အညီ ချက်ချင်းတင်ပြရမည်။ အဆိုပါပြဋ္ဌာန်းချက်သည် ဆောင်ရွက်ပြီးဖြစ်သည့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှုနှစ်ရပ်လုံးနှင့် သက်ဆိုင်စေရမည့်အပြင် အဆိုပါလွှဲပြောင်းဆောင်ရွက်မှုတွင်ပါဝင်သည့် တန်ဖိုးပမာဏကို ထည့်သွင်းစဉ်းစားခြင်းမပြုရ။

၄၀။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်း ဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွှယ်မှုရှိသည်ဟုယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားကို အကြိမ်ကြိမ် ဆောင်ရွက်သည်ဖြစ်စေ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

၄၁။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုမှုကို ရှောင်ရှားခြင်းဆိုင်ရာ အကြံပေးခြင်းအပါအဝင် ဥပဒေရေးရာရပ်တည်ချက်ကို ဆုံးဖြတ်သည့်ကိစ္စရပ်များဆိုင်ရာ အချက်အလက်များကို သတင်းပို့ရန် တာဝန်မရှိစေရ။

၄၂။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်နှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ၊ စာရင်းကိုင်များသည် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့ ဆက်သွယ်ဆောင်ရွက်သူအတွက် သို့မဟုတ် ယင်း၏ ကိုယ်စားဆောင်ရွက်သည့်အခါ ပုဒ်မ ၄၀ တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူထံမှ လက်ခံရရှိခြင်းမဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တောင်းဆိုသော အခြားသတင်းအချက်အလက်များကို တင်ပြရမည်။

## အခန်း (၁၀)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၄၃။ ကြီးကြပ်ရေးအာဏာပိုင်သည်-

(က) သတင်းပို့အဖွဲ့အစည်းက ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား မပျက်မကွက် တိကျစွာလိုက်နာဆောင်ရွက်စေရန် ထိန်းသိမ်းကြီးကြပ်ရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းတစ်ခုတွင် အရေးပါသော သို့မဟုတ် ထိန်းချုပ်နိုင်သော အခန်းကဏ္ဍကိုပိုင်ဆိုင်ခြင်း သို့မဟုတ် အုပ်ချုပ်မှုတာဝန်ထမ်းဆောင်ခြင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အဖြစ် ပြစ်မှုကျူးလွန်သူများ သို့မဟုတ် ၎င်းတို့နှင့်ဆက်နွှယ်သူများ ပါဝင်ဆောင်ရွက်မှုမရှိစေရေးအတွက် လိုအပ်သည့် စည်းကမ်းသတ်မှတ်ချက်များချမှတ်ရမည်။

(ဂ) အန္တရာယ်အခြေပြုချဉ်းကပ်မှုဖြင့် ကြီးကြပ်မှုကိုဆောင်ရွက်ရန် လုပ်ငန်းခွင်ပြင်ပ စစ်ဆေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးခြင်း၊ အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ်အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်း ဆောင်ရွက်ရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းထံမှ သတင်းအချက်အလက်များနှင့် အခြားသောအချက်အလက်များကို ရယူစုဆောင်းခြင်းနှင့် စာရွက်စာတမ်းများ တောင်းယူစစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(င) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား ကြီးကြပ်ရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် နိုင်ငံတကာစံသတ်မှတ်ချက်များကိုပါ ထည့်သွင်း၍ လိုက်နာစေရန် ဆောင်ရွက်ရမည်။

(စ) သတင်းပို့အဖွဲ့အစည်းအတွက် သတင်းပို့ရန် ငွေကြေးနှင့် ပစ္စည်းတန်ဖိုးပမာဏအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့်ညှိနှိုင်း၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းအတွက် တန်ဖိုးပမာဏသတ်မှတ်ခြင်း ဆောင်ရွက်ရမည်။

(ဆ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော သို့မဟုတ် ချိုးဖောက်သော သတင်းပို့အဖွဲ့အစည်းကို စီမံခန့်ခွဲမှုအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မှု အစီအစဉ်များချမှတ်၍ ကျင့်သုံးဆောင်ရွက်ရမည်။

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ စုံစမ်းစစ်ဆေးခြင်း၌ဖြစ်စေ၊ တရားစွဲဆို တင်ပို့ခြင်း၌ဖြစ်စေ အခြားသော ပြည်တွင်း သို့မဟုတ် ပြည်ပအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဈ) သတင်းပို့အဖွဲ့အစည်း၏ ပြည်ပလုပ်ငန်းခွဲများကဖြစ်စေ၊ ယင်းတို့က အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံကုမ္ပဏီခွဲများကဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တည်ဆဲပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများနှင့်သော်လည်းကောင်း ညီညွတ်သည့် အရေးယူဆောင်ရွက်မှုများကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်အတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိကို စိစစ်နိုင်သည်။

(ည) လုပ်ငန်းခွင်ပြင်ပ စစ်ဆေးခြင်း၊ လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးခြင်း သို့မဟုတ် အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ်အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်းဆောင်ရွက်သည့်အချိန်တွင် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်စပ်နိုင်သော မည်သည့်လွှဲပြောင်းဆောင်ရွက်မှုနှင့် အချက်အလက်များကိုမဆို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်။

(ဆက်လက်ဖော်ပြပါမည်)



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ အခြေခံပညာကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။



ပြည်ထောင်စုနယ်မြေနေပြည်တော် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။

☆ **တက္ကသိုလ်ဝင်စာမေးပွဲမှ**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနတို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကိုဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင် ၁၀၅ ခရိုင်၊ မြို့နယ် ၂၆၆ မြို့နယ်၊ စာစစ်ဌာန ၈၈၇ ဌာနတို့၌ ကျောင်းသား ၁၁၂၀၉၁ ဦး၊ ကျောင်းသူ ၁၅၆၅၆၂ ဦး စုစုပေါင်း ၂၆၈၇၅၃ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၀၄၀၅၁ ဦး၊ ကျောင်းသူ ၁၅၀၈၉၅ ဦး စုစုပေါင်း ၂၅၄၉၄၆ ဦးဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၄ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင် ၄၁ ခရိုင်၊ မြို့နယ် ၅၀၊ စာစစ်ဌာန ၅၃ ဌာနတို့၌ ကျောင်းသား ၂၀၀၅ ဦး၊ ကျောင်းသူ ၁၃၈၁ ဦး စုစုပေါင်း ၃၃၈၆ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၉၉၂ ဦး၊ ကျောင်းသူ ၁၃၇၂ ဦး စုစုပေါင်း ၃၃၆၄ ဦး ဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုခဲ့ပြီး ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုလျက်ရှိကြောင်းနှင့် မတ် ၁၃ ရက် သောကြာနေ့တွင် သင်္ချာဘာသာရပ်၊ မတ် ၁၄ ရက် စနေနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်၊ မတ် ၁၆ ရက် တနင်္လာနေ့တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်၊ မတ် ၁၇ ရက် အင်္ဂါနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြရမည်ဖြစ်ပြီး မတ် ၁၅ ရက် တနင်္ဂနွေနေ့ကို ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရသည်။

အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ စတင်ဖြေဆိုလျက်ရှိပြီး မတ် ၁၈ ရက်ထိ ဆက်လက်ဖြေဆိုကြမည်ဖြစ်ကာ မတ် ၁၅ ရက် တနင်္ဂနွေနေ့ကို ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရသည်။

"၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကြီးကြပ်ရေးမှူးတာဝန်အဖြစ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း စမ်းချောင်းမှာလာပြီးတော့ တာဝန်ထမ်းဆောင်နေပါတယ်။ စာဖြေသူဦးရေပေါင်း ၃၅၀ ရှိပါတယ်။ ဇီဝဗေဒအတွဲမှာတော့ ခုံနံပါတ်(၁)ကနေ (၂၄၁)ထိ ၂၄၁ ယောက်ရှိပါတယ်။ ဘောဂဗေဒအတွဲမှာတော့ ၉၈ ယောက်ရှိပါတယ်။ ပထဝီ၊ သမိုင်း၊ ဘောဂကတော့ ၁၁ ယောက်ရှိပါ



တယ်။ အားလုံးစုစုပေါင်း စာဖြေသူဦးရေ ၃၅၀ ရှိပါတယ်။ အေးအေးချမ်းချမ်းနဲ့ ဖြေကြားနိုင်ဖို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုလဲ ကျွန်မတို့ပြုလုပ်ထားပါတယ်။ အားလုံးဖြေနိုင်ပါစေ။ ဂုဏ်ထူးတွေလဲ အများကြီးရပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

"ကြိုးစားတာကတော့ တစ်နေ့စာတစ်နေ့ကို ပုံမှန်လုပ်ပြီး စာမေးပွဲဖြေဆိုခါနီး ကျောင်းပိတ်ရက်တွေမှာ ပြန်နွှေးပြီးတော့ ပုံမှန်လေးတော့ ကျက်ဖြစ်ပါတယ်။



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။

ဒီဘာသာက ညီမတို့အတွက် နည်းနည်းစိမ်းတဲ့အတွက် ဆရာမတွေသင်ပြတဲ့အချိန်မှာ သေချာလိုက်မှတ်တယ်။ ပြီးတော့ လေ့လာတယ်။ အများအားဖြင့်တော့ ဖတ်တာတွေ၊ ပြင်ပဗဟုသုတတွေကြည့်ပြီးတော့ အားထုတ်ပါတယ်။ ကျွန်မတို့နိုင်ငံကလဲ စိုက်ပျိုးရေးကိုအဓိကထားတယ်ဆိုတော့ အဲ့ဒါကြောင့် ပိုပြီးတော့ ဒီထက်တိုးတက်အောင် လုပ်ချင်တဲ့အတွက်ကြောင့် စိုက်ပျိုးရေးကို ယူတယ်။ အသစ်သစ်တွေကို လေ့လာတယ်"ဟု ပြောသည်။ (၅၀၁)



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ဒုတိယနေ့ ဆက်လက်ကျင်းပ

## တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၉၄၆ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော် မတ် ၁၂

၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာန အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေစုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၉၄၆ ဦး၊ ပျက်ကွက် ၁၃၈၀၇ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၈၆ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်း စာစစ်ဌာန စုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေ စုစုပေါင်း ၃၃၈၆ ဦး ရှိပြီး စာမေးပွဲ ဒုတိယနေ့တွင် စက်မှုကျောင်းသား၊ ကျောင်းသူများက အင်္ဂလိပ်စာဘာသာရပ်၊ စိုက်ပျိုးရေး ကျောင်းသား၊ ကျောင်းသူများက သီးနှံထုတ်လုပ်ရေး(၁) ဘာသာရပ်၊ မွေးမြူရေး ကျောင်းသား၊ ကျောင်းသူများက ကြက်မွေးမြူထုတ်လုပ်ရေး ဘာသာရပ်တို့ကို ဖြေဆိုကြပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦး ရှိကာ ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- အင်္ဂလိပ်စာ

နေ့စွဲ - ၁၂.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၄၀ | ၇၃၉၂ | ၁၁၆၃၂ | ၃၀၃ | ၂၄၅ | ၅၄၈ | ၉၅.၅၀% | ၄.၅၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၇၁ | ၃၆၅၈ | ၁၀၄ | ၇၈ | ၁၈၂ | ၉၅.၂၆% | ၄.၇၄% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၉ | ၅၂၃ | ၈၄၂ | ၃၀ | ၄၃ | ၇၃ | ၉၂.၀၂% | ၇.၉၈% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၀၆ | ၇၇၀၅ | ၁၂၅၁၁ | ၄၀၄ | ၃၆၈ | ၇၇၂ | ၉၄.၁၉% | ၅.၈၁% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၄၁ | ၈၉၈၁ | ၁၄၆၂၂ | ၄၅၄ | ၃၄၉ | ၈၀၃ | ၉၄.၇၉% | ၅.၂၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၆၀ | ၆၉၉၉ | ၁၁၈၅၉ | ၄၈၈ | ၂၉၄ | ၇၈၂ | ၉၃.၈၁% | ၆.၁၉% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၅ | ၁၂၈၆၃ | ၂၁၂၀၈ | ၅၃၈ | ၃၃၉ | ၈၇၇ | ၉၆.၀၃% | ၃.၉၇% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၃၁၅ | ၂၆၂၀၃ | ၄၅၅၁၈ | ၁၂၂၂ | ၈၀၉ | ၂၀၃၁ | ၉၅.၇၃% | ၄.၂၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၉ | ၁၀၅၃၈ | ၁၈၁ | ၂၁၅ | ၃၉၆ | ၉၆.၃၈% | ၃.၆၂% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၉၀ | ၉၀၁ | ၁၆၉၁ | ၆၆ | ၄၂ | ၁၀၈ | ၉၄.၀၀% | ၆.၀၀% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၅၇ | ၂၆၀၄၉ | ၄၆၈၀၆ | ၁၄၇၄ | ၉၇၆ | ၂၄၅၀ | ၉၅.၀၃% | ၄.၉၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၉ | ၈၄၈၈ | ၁၃၃၇၇ | ၂၆၆ | ၂၅၉ | ၅၂၅ | ၉၆.၂၂% | ၃.၇၈% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၉ | ၁၀၅၈ | ၁၆၈၇ | ၃၈ | ၅၅ | ၉၃ | ၉၄.၇၈% | ၅.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၄ | ၁၂၁၆ | ၁၉၇၀ | ၆၄ | ၄၅ | ၁၀၉ | ၉၄.၇၆% | ၅.၂၄% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၂၇ | ၂၀၉၀၇ | ၃၆၄၃၄ | ၁၈၅၀ | ၁၀၄၃ | ၂၈၉၃ | ၉၂.၆၄% | ၇.၃၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၁၀ | ၇၈၉၈ | ၁၄၁၀၈ | ၅၀၅ | ၃၀၁ | ၈၀၆ | ၉၄.၆၀% | ၅.၄၀% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၄၀၅၁ | ၁၅၀၈၉၅ | ၂၅၄၉၄၆ | ၈၁၄၀ | ၅၆၆၇ | ၁၃၈၀၇ | ၉၄.၈၆% | ၅.၁၄% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်များအားလုံး

နေ့စွဲ - ၁၂.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၃၁ | ၃၃၉ | ၂၀၆ | ၁၃၁ | ၃၃၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၁၂**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ ရန်အောင်မြေဘုမ္မာကျောင်းတိုက်အတွင်း၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရန်အောင်မြေဘုမ္မာကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ကြည့်ရှုအားပေးစဉ်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၅၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၂**

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၁၃ ရက်မှ ၁၉ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၅၇၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ (၁၂ - ၃ - ၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မင်းဘူး | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | ငါးသိုင်းချောင်း | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ပြည် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day 2026)

ထုတ်ကုန်ဘေးကင်းလုံခြုံမှ ယုံကြည်စိတ်ချစားသုံးသူဘဝ

Safe Products, Confident Consumers

WORLD CONSUMER RIGHTS DAY 2026 15th March

SAFE PRODUCTS, CONFIDENT CONSUMERS

၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက် (တနင်္ဂနွေနေ့)

# သံအမတ်ကြီး ဦးအောင်မင်းဦးအား ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီသီယိုးပီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးအောင်မင်းဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

## ၂၀၂၆ ခုနှစ် မတ် ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကိုးပင်ကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဆယ်ဇင်းကုန်းကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းလမ်းဆုံ ညောင်လေးပင်ကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပုတီးဖြူကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပေါက်တပင်ကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မန်ကျည်းကုန်းကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မင်းကုန်းကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**❑ တကောင်းမြို့မှအဆက်**

ယာယီခံစစ်စခန်းများ ပြုလုပ်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သပိတ်ကျင်းမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး တန်ပြန်တိုက်စစ်များ အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းခဲ့ရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် သပိတ်ကျင်းမြို့ကို တပ်မတော်က ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး ဇန်နဝါရီ ၂၀ ရက်တွင် မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းနှင့် မန္တလေး-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီး ဒေသတွင်း ကုန်စည်စီးဆင်းကူးသန်း ရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ကာ ပညာရေး၊ ကျန်းမာရေး စသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်လျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် နေရာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ပြည်သူလူထု၏ လူမှုဘဝများ ပြန်လည်အဆင်ပြေ ချောမွေ့လာသည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုဖြင့် စိတ်အားထက်သန်စွာ အားပေးထောက်ခံလာခဲ့ကြပြီး အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များ အပေါ်ကိုလည်း ဝိုင်းဝန်းရှုတ်ချမှုများ ပြုလုပ်လာခဲ့ကြသည်။ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို မရရှိတော့သည့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုများအပေါ် စိတ်ပျက်နောင်တရမှုများကြောင့် နီးစပ်ရာတပ်မတော်စစ်ကြောင်းများနှင့်ဆက်သွယ်၍ ဥပဒေဘောင်အတွင်းသို့ လက်နက်ခဲယမ်းများနှင့်အတူ ဝင်ရောက်လာခဲ့မှုများကိုလည်း တပ်မတော်အနေဖြင့် နွေးထွေးစွာ လက်ကမ်းကြိုဆိုလျက်ရှိသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ **စာမျက်နှာ ၂၆ သို့**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ရွှေကျွန်းပင်ကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ရှားတောကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ရေယာဉ်ကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၅ မှအဆက်


ယာယီစိုးမိုးထားသည့် တကောင်းမြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်၍ သပိတ်ကျင်းမြို့နှင့် တကောင်းမြို့အကြား ခိုအောင်းလှုပ်ရှားလျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများကို စစ်ကြောင်းများခွဲပြီး ယခုနှစ်ဖေဖော်ဝါရီ ၆ ရက်မှစ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဟန်ချက်ညီညီဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရေချမ်းစဉ်ကျေးရွာ၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ရှားတောကျေးရွာ၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဗန္ဓုကျေးရွာ၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒေါင်းပုန်းကျေးရွာ၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရွှေကျွန်းပင်ကျေးရွာ၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပေါက်တပင်ကျေးရွာ၊ဖေဖော်ဝါရီ၂၄ ရက်တွင် သီးကုန်းကျေးရွာ၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဝါးရုံးကုန်းကျေးရွာ၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရွှေစကာကျေးရွာ၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် မြင်သာကျေးရွာနှင့် ကြာညှပ်ကျေးရွာ၊ဖေဖော်ဝါရီ ၂၈ ရက်တွင် ကိုးပင်ကျေးရွာနှင့် ပုတီးဖြူကျေးရွာ၊ မတ် ၂ ရက်တွင် မင်းကုန်းကျေးရွာ၊ မတ် ၄ ရက်တွင် ဆယ်ဇင်းကုန်းကျေးရွာ၊ မတ် ၅ ရက်တွင် လက်ပန့်ကုန်းကျေးရွာ၊ မတ် ၇ ရက်တွင် ရေယာဉ်ကျေးရွာ၊ မတ် ၈ ရက်တွင် ဝဲကြီးကျေးရွာနှင့် ပေါ်တော်မူကျေးရွာ၊ မတ် ၉ ရက်တွင် မန်ကျည်းကုန်းကျေးရွာနှင့် ဆင်ညှပ်ကုန်းကျေးရွာ၊ မတ် ၁၀ ရက်တွင် တကောင်းလမ်းဆုံနှင့် ညောင်လေးပင်ကျေးရွာတို့ အသီးသီးပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး မတ် ၁၂ ရက် ယနေ့တွင် တကောင်းမြို့ကို တပ်မတော်က အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လက်ပန့်ကုန်းကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာများအတွင်း ယာယီခံစစ်စခန်းပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။



ဆယ်ဇင်းကုန်းကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများက ယာယီခံစစ်စခန်းပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။







အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် အလောင်းနှင့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများ အနေဖြင့် တကောင်းမြို့နှင့်အဆိုပါဒေသတစ်ဝိုက်သို့ ရောက်ရှိနေစဉ်အတွင်း တကောင်းရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များတွင် သဲအိတ်များ၊ တာယာကွင်းများကို ဘန်ကာများပြုလုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ နေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေး လမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engage-ment-ROE)နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

တပ်မတော် စစ်ကြောင်းများက တကောင်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရင်ကို မြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလတစ်လကျော်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် ၈၅ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ အလက် ၄၀၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမားရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့်

စာမျက်နှာ ၂၇ သို့

# ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲ ဆုရရှိသူများစာရင်း

| စဉ် | ကလောင်အမည် | စာမူအမည် | မှတ်ချက် |
|---|---|---|---|
| **စစ်ချီသီချင်း** | | | |
| ၁။ | အောင်ဇော်ဦး(ရဲတီးဝိုင်း) | ကြည်း၊ ရေ၊ လေ သည် ထာဝရညီ | ပထမ |
| ၂။ | မိုးမြင့်ဦး(လုပ်သား-ရှုပ) | တပ်မတော်သားပီပီ | ဒုတိယ |
| ၃။ | ခန့်ငြား(ကေတုမတီ) | ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော် | တတိယ |
| ၄။ | ဇော်မျိုးထွန်း (အုပ်ခွဲတပ်ကြပ်ကြီး) | ပြည်သူ့အတွက် ဒို့တပ်မတော် | စတုတ္ထ |
| ၅။ | ဗိုလ်ထိန်(မီးသတ်) | မျိုးချစ်ဒို့စစ်သည် | ပဉ္စမ |
| **စစ်သည်တေးသီချင်း** | | | |
| ၁။ | စုစုဇော် (သီရိခေတ္တရာ) | သူရဲကောင်းစစ်သည် | ပထမ |
| ၂။ | ခင်ငြိမ်းချမ်းစိုး(သဇင် FM) | ဂုဏ်ပြုလျက်ပါအဖေ | ဒုတိယ |
| ၃။ | ကျော်ဆွေအောင် | ကျွန်တော်စစ်သားပါ | တတိယ |
| ၄။ | ကေသီအောင် | မေ့စစ်သားမောင် | စတုတ္ထ |
| ၅။ | လှိုင်ဝင်းထွန်း | တုန့်နှိုင်းမဲ့စစ်သည်တွေ | ပဉ္စမ |
| **ကဗျာ(ဝါသနာရှင်)** | | | |
| ၁။ | ထွန်းထွန်း(လားရှိုး) | ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော် | ပထမ |
| ၂။ | မြတ်မင်းသန့် | နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော် | ဒုတိယ |
| ၃။ | ရဲကျော် | ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ပည်းမော်ကွန်း | တတိယ |
| ၄။ | ကြေးမုံဖြိုးသန့်( ရွှေရတု) | စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ | စတုတ္ထ |
| ၅။ | ထာဝရမွန် (ဂုဏ်ထူးတန်း) | ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး | ပဉ္စမ |
| **ကဗျာ(အလွတ်တန်း)** | | | |
| ၁။ | ရဲမင်းစိုး | ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း | ပထမ |
| ၂။ | မြတ်ထွဏ်းနောင် | ပြည်ထောင်စုရဲ့တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော် | ဒုတိယ |
| ၃။ | မျိုးစစ်သည် | ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော် | တတိယ |
| ၄။ | ဘုန်းမောင်ဝင်း(ဖျာပုံ) | ရွှေရောင်လင်းသည့် နိုင်ငံတော်နှင့် ပြည်သူချစ်သော တပ်မတော် | စတုတ္ထ |
| ၅။ | မောင်အေးသန်း (ကြို့ပင်ကောက်) | အရေးသုံးပါးဦးထိပ်ထား | ပဉ္စမ |
| **ဝတ္ထုတို(ဝါသနာရှင်)** | | | |
| ၁။ | မနေခြဖြူ | ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ် | ပထမ |
| ၂။ | မနေသစ်(ပခုက္ကူ) | မုန်းမုန်း ချစ်ချစ် | ဒုတိယ |
| ၃။ | ရဲမွန်ကျော် | သူရဲကောင်းတို့၏ ဒိုင်ယာရီ | တတိယ |
| ၄။ | မောင်အေးချမ်း(ဓနုဖြူ) | အလေးပြုပါသည် ဆရာဖိုးနီ | စတုတ္ထ |
| ၅။ | ကိုစော (ပထဝီဝင်) | အမေဂုဏ်ယူနေပါတော့ | ပဉ္စမ |
| **ဝတ္ထုတို(အလွတ်တန်း)** | | | |
| ၁။ | ကျော်တေဇ(ဥက္ကလာ) | ဝတ်မှုံကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ | ပထမ |
| ၂။ | မုန်းမောင်မောင် | ပစ်မထားရက်ခဲ့ပါ | ဒုတိယ |
| ၃။ | နွေးထက်လှိုင် | မအေးမြရဲ့ သတ္တိသွေး ပျံ့နှံ့လို့နေပါပြီ | တတိယ |
| ၄။ | မင်းလပြည့်(ဟားခါး) | စစ်ကိုမုန်းခဲ့သော်လည်း | စတုတ္ထ |
| ၅။ | မောင်မောင်လွင်(ရွှေဘိုသား) | သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား | ပဉ္စမ |
| **ဝတ္ထုရှည်(ဝါသနာရှင်)** | | | |
| ၁။ | အမောင် | တိမ်တိုက်တွေရဲ့ အဖြူရောင်သက်တံ | ပထမ |
| ၂။ | ရှားမိန်း | အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ | ဒုတိယ |
| ၃။ | ကျော်စိုး(ဒိုက်ဦး) | စစ်သားဂုဏ်ရည် | တတိယ |
| ၄။ | ဟန်ညွန့်(ယဉ်ကျေးမှု) | စိန်ပန်းနီနီနှလုံးသား | စတုတ္ထ |
| ၅။ | တင်ဦး (ရန်ကင်း) | လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည် | ပဉ္စမ |
| **ဝတ္ထုရှည်(အလွတ်တန်း)** | | | |
| ၁။ | ပိုင်ဇင်ဇော်(သတ္တု) | သစ္စာစမ်းမှာ ပန်းစုံလန်းသည် | ပထမ |
| ၂။ | ခန့်ပိုင် | လက်ဆင့်ကမ်းအမွေ | ဒုတိယ |
| ၃။ | ဘုန်းရဲနိုင်(ဂန့်ဂေါ) | မလေးမောင်ချစ်မငြီးနိုင် | တတိယ |
| ၄။ | မောင်စူးရှ(အနောက်ရိုးမ) | မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ | စတုတ္ထ |
| ၅။ | ရဲခေါင် | ရှံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်ဒွ | ပဉ္စမ |

**စာမျက်နှာ ၂၆ မှအဆက်**

ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ မြို့ရွာများရှိ အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် တကောင်းမြို့မှ နေရပ်စွန့်ခွာဒေသခံ ပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းများ ရှင်းလင်းပေးခြင်းစသည့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဒေသခံ ပြည်သူများနှင့်အတူ အမြန်ဆုံးဆက်လက် ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက် လျက်ရှိသည်။

ယခုကဲ့သို့ တကောင်းမြို့နှင့် အဆိုပါ ပတ်ဝန်းကျင်ဒေသ၏ လုံခြုံရေး၊ ဒေသခံ ပြည်သူလူထု လိုလားတောင့်တလျက် ရှိသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံခိုင်မာစေရေးအတွက် ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ပေးနိုင်ခဲ့သည့် ရှေ့တန်းရောက် တိုက်ပွဲဝင်တပ်မတော်သား အရာရှိ၊ အရာခံ၊အကြပ်၊ စစ်သည်များ၊ အလားတူ ရှေ့တန်းစစ်ဆင်ရေး တာဝန်များ ထမ်းဆောင်လျက်ရှိသော တိုက်ပွဲဝင် တပ်မတော်သားများအတွက် အောင်နိုင် စိတ်၊ တိုက်ပွဲဝင်လိုစိတ်စသည့် စိတ်ဓာတ် ခွန်အားအပါအဝင် လိုအပ်သည့် ကူညီ ထောက်ပံ့မှုများကို မဆုတ်မနစ်သော ယုံကြည်ချက်ဖြင့် ဖြည့်ဆည်းပေးလျက် ရှိသော တပ်မတော်သားမိသားစုဝင် ပါရမီဖြည့်ဖက်များနှင့် တပ်မတော်ကို အားပေးထောက်ခံခဲ့ကြသူ အားလုံးကို လေးစားစွာ အသိအမှတ်ပြုကျေးဇူးတင်ရှိ ပါကြောင်းနှင့် တကောင်းမြို့နှင့် ၎င်းဒေသ တစ်ဝိုက်ကို တပ်မတော်ကပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြောင်း သတင်းရရှိ သည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူများထံ အသိပေးပန်ကြားချက်

á အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊

á လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊

á အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊

á အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊

á အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# ပြိုင်တူစုန်၍ စီးဆင်းသည်

**ပိုင်ဆု(ပညာရေး)**



(၁)

"ဒုက္ခပါပဲ ထမင်းချက်တော့မယ်ဆိုမှ ဆန်တွေက ပျောက်ကုန်ပြီ လူတွေ လူတွေ တယ်လဲခက်ပါရဲ့တော်"

မီးဖိုချောင်ထဲမှ အမေ၏ညည်းညူသံကို အတိုင်းသားကြားလိုက်ရသည်။ အခုတစ်လော မကြာခဏ အိမ်ရှိဆန်များ ပျောက်နေသည်ကို သတိထားမိသည်။ အဖေကလည်း တစ်နေကုန် စက်ရုံတွင် လုံခြုံရေးလုပ်ရသည်မို့ ညမိုးချုပ်မှအိမ်ပြန်ရောက်သည်။ အဖေ့ကို အလုပ်ကထမင်းကျွေးသည်မို့ အဖေသည် ပြန်လာလျှင် အိမ်တွင်ထမင်းမစားတော့ပေ။ သူနှင့်မောင်လေးကလည်း ကလေးတွေဖြစ်သည်မို့ ပျောက်နေသော ဆန်များနှင့်ပတ်သက်၍ ထင်ယောင်ထင်မှား ဖြစ်စရာမရှိ။

"အမေ ဆန်တွေပျောက်ပြန်ပြီလား။ အိမ်ကို ဘယ်သူတွေလာပြီး ဆန်တွေခိုးနေလဲ မသိဘူးနော်။ သမီးတို့ ကျောင်းသွားနေတဲ့အချိန် အမေအပြင်သွားရင် တံခါးတွေမပိတ်ခဲ့ဘူးလားဟင်"

"ဩော်...သမီးရယ် အမေတို့နေတာ ကျူးကျော်ရပ်ကွက်လေ။ အိမ်တံခါးတွေကလဲ ပိတ်ထားရင်တောင် ဖွင့်ဖို့က ဘာခက်တာမှတ်လို့လဲ"

"ဒါဆို ဆန်ခိုးတဲ့သူက ဘေးအိမ်က ဦးအုန်းမောင်တို့များလား မသိဘူးနော်"

"ဟဲ့ သမီး ပေါက်ကရတွေလျှောက်မပြောနဲ့။ ဥစ္စာပျောက်ငရဲရောက်တဲ့။ ထားလိုက်တော့။ ကဲ အခုကျန်တဲ့ဆန်လေးနဲ့ ထမင်းအိုးတည်ပြီး မောင်နှမနှစ်ယောက် စားထားလိုက်၊ ဟင်းက မနက်ကကျန်တဲ့ ဘဲဥနှစ်ခြမ်းရှိသေးတယ်၊ တစ်ယောက်တစ်ခြမ်း စားထားကြားလား"

"ဒါဆို အမေက ဘာနဲ့စားမလဲ"

"အမေက ဒေါသထွက်ပြီဆိုရင် ထမင်းစားလို့မဝင်တော့တာသိရဲ့နဲ့။ ကဲ အမေ မနီတို့အိမ် အဝတ်လျှော်ဖို့ခေါ်ထားလို့ သွားအုံးမယ်။ အဲဒီကနေမှ တစ်ခုခုစားချင်စားခဲ့မယ်။ မောင်နှမနှစ်ယောက် ထမင်းစားပြီးရင် စာကျက်ကြ၊ ခဏနေ မောင်လေးကို ကစားတာရပ်ခိုင်းပြီး ရေချိုးခိုင်းထားလိုက်တော့"

အမေသည် ပြောရင်းနှင့်ပင် အိမ်အောက်သို့ဆင်းသွားသည်။ သူလည်း အမေ့၏ ကျောပြင်ကိုငေးကြည့်ရင်း ဆန်ခိုးတဲ့သူမည်သူလဲ ပုံဖော်တွေးကြည့်နေမိတော့သည်။

(၂)

ကျောင်းကအပြန် အိမ်သို့လမ်းလျှောက်ပြန်လာနေသော်လည်း သူ၏အတွေးများကတော့ အိမ်ဆီသို့သာ ရောက်နေသည်။ ရှစ်တန်းကျောင်းသူဖြစ်နေပြီမို့ အရာရာကို တွေးဆတတ်လာသကဲ့သို့ မိသားစုအပေါ်လည်း သိတတ်ရမည်ဆိုသော စိတ်များကလည်း ဝင်ရောက်လာသည်။ မောင်လေးဖြစ်သူကတော့ နှစ်တန်းကျောင်းသားသာဖြစ်သေးသည်မို့ မည်သည့်အရာကိုမျှ နည်းလမ်းကျကျမတွေးခေါ်နိုင်သေးပေ။ ယခုလည်း သူကသာ အတွေးများဖြင့်လမ်းလျှောက်နေသည်။ မောင်ဖြစ်သူကတော့ ရွယ်တူသူငယ်ချင်းများနှင့်ကစားလိုက်၊ လမ်းလျှောက်လိုက်ဖြင့် ပျော်မြူးခုန်ပေါက်နေသည်။

ညက အဖေအိမ်ပြန်လာတော့ သူသတိထားမိလိုက်သည်။ အဖေသည် အရင်ကနှင့်မတူဘဲ အနည်းငယ် ပိန်သွားသည်။ အရက်ဖြတ်ထားသည့်အတွက်ကြောင့်လား။ ဒါမှမဟုတ် အရက်များပြန်သောက်နေသည်လားဆိုပြီး သူလျှောက်တွေးနေမိပြန်သည်။ ထို့ကြောင့်ပင် သူ၏သိလိုစိတ်ကြောင့် ညက အဖေ့ကို မေးခဲ့သည်ကို ပြန်စဉ်းစားမိသည်။

"အဖေ ပိန်သွားတယ်နော်။ နေမကောင်းဘူးလား"

"ကောင်းပါတယ်သမီးရဲ့ အလုပ်က နည်းနည်း ပင်ပန်းလို့ပါ"

"ဘာလဲ ဒါဆို အဖေ ပင်ပန်းလို့ဆိုပြီး အရက်တွေ ပြန်သောက်နေတာလား"

"ဟာ မသောက်ပါဘူး သမီးရ တိုးတိုးပြောပါ။ တော်ကြာ သမီးအမေကြားသွားအုံးမယ်"

"မကြားပါဘူးအဖေရ၊ အမေက အန်တီနွဲ့တို့အိမ် မီးပူသွားတိုက်တယ်။ မောင်လေးပါ ပါသွားတယ်"

"အင်းပါ။ ကဲ ဒါဆို သမီးလဲ သမီးအမေကိုစောင့်ရင်း စာကျက်လေ။ အဖေလဲပင်ပန်းလို့ ခဏလှဲလိုက်အုံးမယ်"

အဖေ့ပြောစကားများကို ပြန်တွေးရင်း သူစိတ်မကောင်းဖြစ်ခဲ့ရသည်။ အဖေသည် မိသားစုအတွက် ပင်ပန်းစွာ ရှာဖွေလုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။ မိသားစုနှင့်အတူ ထမင်းလက်ဆုံလည်း မစားခဲ့ရပေ။ အဖေတို့အလုပ်သည် နှစ်ပတ်မှတစ်ရက်သာ နားရသည်မို့ သူတို့မိသားစု ထမင်းလက်ဆုံစားခွင့်ရသည့် အချိန်သည် တစ်လလျှင် နှစ်ကြိမ်မျှသာရှိသည်။ အရက်ပြန်မသောက်တော့သော်လည်း ကျန်းမာရေး မကောင်း၍များလားဟူသည့်အတွေးသည် ဆန်မည်သို့ ပျောက်ရသည်ဟူသောအတွေးနှင့်အတူ တစ်ပြိုင်နက်တည်း တွေးတောစဉ်းစားနေပေတော့သည်။

(၃)

"ဟင်"

အိမ်ပေါ်မှ အိတ်အမည်းထုပ်လေးကိုကိုင်ပြီး ကမန်းကတန်းဆင်းလာသည့်ဒေါ်လုံးကို အဝေးမှပင် သူမြင်တွေ့လိုက်ရသည်။ အဝေးကဆိုပေမဲ့ ဒေါ်လုံး လက်ထဲတွင်ကိုင်ထားသည်မှာ ဆန်ထုပ်ဖြစ်လောက်မည်ဟု သူခန့်မှန်းလိုက်တော့သည်။ ထို့ကြောင့်ပင် အိမ်သို့ အမြန်ပြေး၍ တက်လိုက်တော့သည်။ အမေသည် အိမ်ထဲတွင် လှဲနေသည်ကို တွေ့လိုက်ရသည်။

"အမေ အမေ ထပါအုံးအမေရဲ့"

"ဟဲ့ သမီး ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ ခုန အိမ်ပေါ်ကနေ ဒေါ်လုံးဆင်းသွားတာ အမေမသိဘူးလား"

"သိ မသိ သိ ဟို သိတယ်လေ"

"အမေကလဲ ဘာတွေထစ်နေတာလဲ၊ အိပ်ချင်မူးတူးဖြစ်နေတာလား။ ဒေါ်လုံးလက်ထဲ ဆန်တွေယူသွားတာတွေ့လိုက်သလိုပဲ။ အဲဒါ အမေ မသိဘူးလား"

"အို မဖြစ်နိုင်ပါဘူး သမီးရဲ့"

"ဘာလို့မဖြစ်နိုင်ရမှာလဲ အမေရယ် သမီးကိုယ်တိုင်တွေ့တာ။ အမေအိပ်နေတုန်းများ သမီးတို့ဆန်တွေ ဒေါ်လုံးယူ"

"သမီး စုစုမာ မဟုတ်တာတွေမပြောနဲ့"

"မဟုတ်တာမဟုတ်ဘူးလေ အမေရဲ့"

"တော်တော့သမီး အမေက တော်ဆိုတော်တော့။ အမေဒေါသထွက်လာရင် ထမင်းမစားတော့ဘူးဆိုတာသိလို့ တမင်လုပ်တာလား။ တော်ပြီ ရှိတဲ့ဆန်နဲ့ မောင်နှမနှစ်ယောက်စာထမင်းအိုးတည်လိုက်။ ရှေ့ပိုက်ဆံတစ်ထောင် ဟင်းတစ်ခုခုဝယ်စားလိုက်"

အမေသည် ပြောနေရင်းနှင့်ပင် ထွက်သွားပြန်တော့သည်။ အမေဘယ်ကိုသွားလည်းဆိုသည်ကို သူမမေးဖြစ်ခဲ့တော့ပါ။ သူ၏သိလိုစိတ်အကြောင်းတရားများကြောင့် စကားမပြောနိုင်အောင်ပင် ဆွံ့အသွားစေခဲ့တော့သည်။ ဒေါ်လုံးသည် အမေနှင့်ရင်းနှီးပြီး ဒေါ်လုံး၏ယောကျ်ား ဦးငွေလုံးသည်လည်း အဖေနှင့်အတူ အလုပ်တစ်ခုတည်းတွင် လုံခြုံရေးလုပ်နေသူဖြစ်သည်။ ဒေါ်လုံးနှင့် ဆန်ထုပ်ကြားက ပတ်သက်ဆက်နွယ်မှုသည် အကြောင်းတရားတစ်ခုခုရှိနိုင်သည်ဟု သူတွေးတောလိုက်လေတော့သည်။

(၄)

"ဒီလိုဆိုတော့လဲ မစန်းမော်က သနားပါတယ်နော်"

ဒေါ်လုံး၏အိမ်ပေါ်သို့တက်မည်အပြုမှာပင် အမေ့နာမည်ကိုကြားလိုက်ရသောကြောင့် သူဆက်မတက်တော့ဘဲ ရပ်နားထောင်လိုက်မိတော့သည်။

"ဟုတ်ပအေ၊ ဒါကြောင့် မိခင်မေတ္တာကြီးမားတယ်လို့ပြောတာပေါ့ မဝင်းရဲ့"

"အင်းပေါ့လေ အမေဆိုတော့လဲ ကိုယ့်သားသမီးတွေအတွက် ကိုယ်တိုင်ပဲ အနစ်နာခံရတာပေါ့ မလုံးရယ်"

"မှန်တာပေါ့ရှင်။ သူ့ခမျာ သားသမီးတွေ ထမင်းငတ်မှာကြောက်လို့ ဆန်တွေကိုမပျောက်ဘဲ ပျောက်တယ်ညာပြောပြီး ရှိတာလေးကို ကလေးတွေအတွက်ပဲ ကျွေး၊ သူကျတော့အငတ်ခံပြီးနေခဲ့တာ။ နောက်ပြီး သူကဒေါသထွက်ရင်ထမင်းမစားဘူးဆိုပြီး အတည်ပေါက်နဲ့ပြောတတ်သေးတာ။ တကယ့်သနားစရာ မစန်းမော်ပေါ့ရှင်။ မနေ့ကဆို သူတို့အိမ်သွားပြီး ဝယ်လာတဲ့ဆန်ထဲကနေ ကလေးနှစ်ယောက်စာ သွားပြီးပေးလိုက်ရသေးတယ်။ ကိုယ့်ဆန်ကိုယ်ပေးတာတောင် သူ့ကလေးတွေမြင်မှာစိုးလို့ ကျွန်မမှာ ပုန်းလျှိုးကွယ်လျှိုးထွက်လာရတယ်"

အရာအားလုံးကို သူနားလည်သွားခဲ့ပြီဖြစ်သည်။ အမေ၏ စေတနာ၊ မေတ္တာ၊ အနစ်နာခံမှုတွေကိုလည်း ရင်နင့်ဖွယ်သိရှိခဲ့ရပြီဖြစ်သည်။ ဒေါ်လုံးကို ဆန်ကိစ္စနှင့်ပတ်သက်ပြီး သွားမေးမည်ဟုသွားခဲ့ရာမှ မမေးဖြစ်ခဲ့ရဘဲ ဖြစ်ရပ်မှန်တစ်ခုကို သိရှိခဲ့ရသည်။ ဆန်ကုန်ခါနီးရက်မျိုးတွင် ဆန်ပျောက်တတ်သော အမေ့ကို အပြည့်အဝနားလည်လာနိုင်ပြီဖြစ်သည်။ သည်လိုဖြစ်ရပ်များမဖြစ်လာစေရန်အတွက်လည်း သူဆုတောင်းလိုက်သည်။ တစ်ချိန်ကျရင် အမေ၏ အနစ်နာခံပေးဆပ်မှုများအတွက် သူပြန်လည်ပေးဆပ်နိုင်အောင်ကြိုးစားသွားမည်ဟု ဆုံးဖြတ်လိုက်သည်။ စီးကျလာသောမျက်ရည်စများကို သုတ်လိုက်ပြီး အိမ်ပြန်ရန်အပြုမှာပင် ဒေါ်လုံးနှင့် ဒေါ်ဝင်းဆီမှ ထပ်မံကြားလိုက်ရသော စကားသံကြောင့် ခြေလှမ်းများရပ်တန့်ခဲ့ရပြန်သည်။

"ဒါနဲ့ မစန်းမော်ယောကျ်ား ကိုနိုင်လင်းကော ဘာထူးလို့တုန်း။ ပြောစမ်းပါအုံး မလုံးရေ "

"ကျွန်မယောကျ်ားနဲ့ ကိုနိုင်လင်းက အလုပ်အတူတူလေ။ သူတို့အလုပ်က မနက်စာပဲ ကျွေးတာကို ကိုနိုင်လင်းက ညစာပါကျွေးတယ်ဆိုပြီး ညာထားတာတော်ရေ။ သူ့အတွက် ထမင်းကုန်မှာစိုးလို့ သူ့မိန်းမနဲ့သူ့ကလေးတွေ စားရပါစေဆိုပြီး ညနေစာမစားတော့တာအတော်ကြာပြီတဲ့။ ကျွန်မယောကျ်ားကို ဘယ်သူ့မှပြန်မပြောပါနဲ့ဆိုပြီး သူကပြောထားသေးတာ။ ဩော်...မဝင်း ရှင်လဲ နှုတ်လုံပါစေနော်"

"စိတ်ချပါ မလုံးရဲ့"

သူ ဆက်နားမထောင်နိုင်အောင်ပင် ဖြစ်ခဲ့ရသောကြောင့် နေရာမှပင် အမြန်ဆုံးပြေးထွက်ခဲ့တော့သည်။ သူအလွန်သိချင်နေမိသော ပုစ္ဆာများ၏အဖြေကို သူသိခဲ့ရပြီဖြစ်သည်။ သို့သော် ထိုအဖြေများသည် သူ့အတွက်တော့ မချိုမြိန်ခဲ့ပေ။ မည်သို့ပင်ဆိုစေ အဖေနှင့်အမေ၏ စုန်၍စီးဆင်းသောမေတ္တာများသည် သူတို့မောင်နှမနှစ်ယောက်အတွက် လုံခြုံမှုအပြည့်ဖြင့် ပြိုင်တူစီးဆင်းနေသည်ကို သိရှိလိုက်ရပါတော့သည်။

# ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၈၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မော်လိုက် မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၈၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၄၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၈၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၉ ဒသမ ၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ နေကြာ ၂၄၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၈၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံနေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေး အတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ၄၅၀၀၀သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်က ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက်ကောက်ညှင်းစပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာ ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုမတ်လထဲမှာလဲ ငပုတောမြို့နယ်ဘက်က ကောက်ညှင်းဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းဆန် ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကောက်ညှင်းဆန်များ အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ လုပ်ငန်းအဆင်ပြေပြေလည်ပတ်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မိုင်းဆတ်မြို့နယ် ဆိုက်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် မတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုက်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က ဆိုက်ခေါင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆိုက်ခေါင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို ရန်ပုံငွေကျပ် ၃၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

# ဘဝမှန်ပြင် ပုံရိပ်အလှဆင်

- မှန်တစ်ချပ်လို ဘဝကား
ကျင့်သုံးထား တို့များစွာ၊
မှန်ရှေ့ဝယ် ပြုံးရယ်မဲ့ပြ
တူစွပေါ်လာ၊
မိမိရုပ် ကြည့်သလိုသာ
ကြေးမုံဟာ တန်ပြန်ပေး၊
လူတိုင်းကွယ် သိစေအပ်ဖို့
ရေးစပ်ပါသေး။

- ပြောဆိုရာ စကားလေး
ယဉ်ယဉ်ကျေးကျေး ရှိပါစေ၊
လောကဝယ် အသိတရား
ဉာဏ်ကားထက်လေ၊
ကြေးမုံအလား ပမာတူပေ
ပုံရိပ်တွေ ထွက်ပေါ်ကြ၊
မိမိပြုမူ ရောင်ပြန်ဟပ်လို့
ဖြစ်ရပ်တူစွ။

- ရခဲပေ လူ့ဘဝ
နှလုံးလှ စိတ်ဖြူစင်၊
အတ္တကို မောင်းထုတ်ထား
ကြိုးစားစေချင်၊
ပရဟိတ လုပ်ငန်းပင်
မြတ်နိုးကြင် နှလုံးသား၊
ဘဝမှန်ပြင်ကွယ် ပုံရိပ်လှဖို့
(အိုကွယ်)
နေ့ညကြိုးစား။ ။

**ဇဂျမ်းရွာကျောင်းအိုသား**

# မင်းလှမြို့နယ် စီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းလှ မတ် ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့် အညီဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စီးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို ရန်ပုံငွေကျပ် ၅၈ ဒသမ ၉ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**ချိုလေး**

# ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ မတ် ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး မတ်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာယနေ့တွင် ဧက ၅၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ်နွေသီးနှံ စိုက်ပျိုးရာသီမှာ စပါး ၃၃၂၃၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၂၈၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက် တောင်သူတွေကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းများ ကောင်းမွန်စေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ စိုက်ပျိုးရေ စနစ်တကျ သုံးစွဲတတ်စေရေး အသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

စပါးကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် စပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း ငါးသလဲထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ငါးသလဲထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ယဉ်ဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလက ငါးသလဲထိုး ပိဿာချိန် ၅၀၀၀၀ ထိသာရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ တစ်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းမှာ လပွတ္တာမြို့နယ်က ငါးသလဲထိုးတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲက ငါးသလဲထိုးတွေ အများအပြား တင်ပို့ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ဒေသထွက် ငါးသလဲထိုးကို လက်ရှိမှာ ရန်ကုန်ဈေးကွက်ကအဝယ်လိုက်နေတဲ့အတွက် အခုလို အရောင်းအဝယ်ကောင်းလာတာဖြစ်ပါတယ်။ ကုန်ချိန်အများအပြားတင်ပို့ရတော့ ရေလုပ်ငန်းနှင့် ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယဉ်ဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများ အပါအဝင် ရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယဉ်ဌေးထံမှ သိရသည်။

**ကျော်ကျော်လင်း**









ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့
မန္တလေး

## တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ်(၁/၂၀၂၆-၂၀၂၇) အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား | = | ၁.၇၅" × ၁.၇၅" |
| (ခ) | (၁၀၀)ရွက်ပါ ရွှေဆိုင်း(၁)ဆိုင်း ပေးချေမည့်နှုန်းထား | = | ၂၈၅,၀၀၀/- |
| (ဂ) | ဝယ်ယူမည့် ရွှေဆိုင်းအရေအတွက် | = | အဆိုင်း(၁၅၀၀၀) |
| (ဃ) | တင်သွင်းရမည့် အာမခံကြေးငွေ | = | ကျပ်သိန်း(၁၅၀) |
| (င) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်(ပိတ်ရက်မရှိ) | = | ၁၅.၃.၂၀၂၆ |
| (စ) | တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်နေ့ရက်/အချိန် | = | ၂၂.၃.၂၀၂၆(၁၆:၃၀)နာရီ |
| (ဆ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် | = | ၂၅.၃.၂၀၂၆(၁၆:၃၀)နာရီ |
| (ဇ) | လျှောက်လွှာ(၁)စောင် ဈေးနှုန်း | = | ကျပ်(၃၀,၀၀၀) |

၂။ တင်ဒါပုံစံများရောင်းချခြင်းနှင့် ဝယ်ယူရမည့်နေရာမှာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့်အချက်အလက်များကို အသေးစိတ်သိလိုပါက ဖုန်း ၀၉-၇၈၇ ၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မဟာမုနိဘုရားကြီးဂေါပကအဖွဲ့

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ ပတ္တာကျေးရွာအုပ်စု၊ မြင်စိုင်းအနောက်ရပ်နေ၊ ဦးကျော်ညိမ်း-ဒေါ်အမာကြူတို့၏သားဖြစ်သူ မောင်ယဉ်မင်းသူ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/ကဆန(နိုင်) ၁၂၂၃၇၉ အား မောင်ရဲမင်းသူ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲမင်းသူ

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး အထက G-12 တွင် ပညာသင်ကြားနေသော (အဖ) ဦးဆန်းဝင်း၏သမီး မမိမိသက်မှူးအိမ်၏ အမည်မှန်မှာ မမီမီသက်မှူးအိမ် ၅/မရန(နိုင်)၃၇၂၃၆၅ ဖြစ်ပါကြောင်း။

မမီမီသက်မှူးအိမ်

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းရပ်ကွက် အေးမြသာယာဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် G-7 အတန်းတွင် ပညာသင်ကြားနေသော (အဖ) ဦးကျော်စွာလင်း၏ သမီး လင်းလက်ငြိမ်းအား မယွန်းရွှေဘုံ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မယွန်းရွှေဘုံ

## ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့၊ ဆူလေကုန်းကျေးရွာနေ မောင်စည်သူထွန်း(ဘ)ဦးထွန်းရီ (၉/ကဆန(နိုင်)၁၆၉၂၉၂)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-885696045

# သင့်သွေးဖြင့် အသက်ကယ်ပါ

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ ပထဝီနိုင်ငံရေးအရရော နိုင်ငံရေးပထဝီအခြေအနေအရပါ ထူးခြားသည့်အခြေအနေများပိုင်ဆိုင်ထားသည့် မိမိနိုင်ငံအနေဖြင့် ယခုအခြေအနေများထဲက မိမိနိုင်ငံအတွက် ကောင်းကျိုးများအပြည့်အဝရရှိခံစားအသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည် မရှိမဖြစ်လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေကြိုးပမ်းတည်ဆောက်ရမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပပြုလုပ်သော လေယာဉ်၊ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၆) ကျင်းပ

စာမျက်နှာ - ၁၈

## တပ်မတော်စစ်ကြောင်းများက NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်


နေပြည်တော် မတ် ၁၂

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အချို့မြို့ရွာများ၌ ဝင်ရောက်နေရာယူ၍ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter –Terrorism Operation)ကို ဆောင်ရွက်လျက်ရှိသည်။

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့၊ တကောင်းမြို့နှင့် ဝန်းကျင်ဒေသတစ်ဝိုက်ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစ၍ ယာယီစိုးမိုးထားစဉ် ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ တကောင်းရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများတွင်

စာမျက်နှာ ၂၅ ကော်လံ ၁ ❑

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်တကောင်းမြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့်ဖြစ်စဉ်နေရာပြမြေပုံ။






## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၂

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပခဲ့ရာ ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုလျက်ရှိရာ စာမျက်နှာ ၂၂ ကော်လံ ၁ ☆

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့တွင် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။

